# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၃)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၁၇-၈-၂၀၂၅၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ထိုင်းအသင်းကို အနိုင်ယူပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ မြန်မာအသင်း တက်ရောက်

### ဗိုလ်လုပွဲအဆင့်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်



အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် မြန်မာအားကစားသမားများ အောင်ပွဲခံနေစဉ်။

**ရန်ကုန် ဩဂုတ် ၁၆**

ဗီယက်နမ်နိုင်ငံတွင် ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပလျက်ရှိသော ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းသည် နာမည်ကြီးထိုင်းအမျိုးသမီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲအဆင့်သို့ ထိုက်ထိုက်တန်တန်တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့သည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်တွင် ငါးကြိမ်မြောက် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းက ပထမဆုံးတွေ့ဆုံသည့် ၂၀၁၂ ပြိုင်ပွဲတွင် အနိုင်ရပြီးနောက် ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၂ ပြိုင်ပွဲတို့တွင် နောက်ဆုံးသုံးကြိမ်ဆက်တိုက် အရေးနိမ့်ထားမှုကို ယခုငါးကြိမ်မြောက်တွေ့ဆုံမှုတွင် ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။

Myanmar Women League 2025-2026 ပြိုင်ပွဲဝင်ကလပ်အသင်းများမှ ကစားသမားများဖြင့် အခြေခံဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းကို တိုက်စစ်မှူး ဝင်းသီဂီထွန်း၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ၂၀၀၄၊ ၂၀၀၇ ခုနှစ်များတွင် ချန်ပီယံဆုနှစ်ကြိမ်ရယူထားနိုင်သည်။

**စာမျက်နှာ ၃ သို့** ☸

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၆**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းလျက်ရှိ

လောကတွင် သစ်ပင်ရိပ်က အေးမြပြီးထိုအေးမြလှသော သစ်ပင်၏ အရိပ်၌ အပန်းဖြေခိုနားမိလျှင် သစ်ပင်ကို ကျေးဇူးတင်ကြရမည်ဖြစ်သည်။ သစ်ပင်၏ အကိုင်းအခက်တို့ကို မဖျက်ဆီးရာ၊ ဖျက်ဆီးခဲ့လျှင် အဆွေခင်ပွန်းကို ဖျက်ဆီးရာရောက်မည်ဟု အလေးအနက်ထားခံယူကြသော မြန်မာတို့၏ စိတ်ဓာတ်ကပို၍ အေးမြစေမည်ဖြစ်သည်။ သူတစ်ပါးတို့၏ ကျေးဇူးတရားကို မပြတ်ဆင်ခြင်နှလုံးသွင်းတတ်သည့် ယဉ်ကျေးသောစိတ်ဓာတ်သည် မွန်မြတ်လှပါသည်။ မြင်းမိုရ်တောင်ဦး၊ မကကျူးသည့် ကျေးဇူးရှင်များအဖြစ် ခံယူကာ အထူးပင်အလေးထားကြသည်။

ထို့ပြင်ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကိုလည်း ရိုသေလေးမြတ်စွာ ကိုးကွယ်ကြသည်။ မြန်မာတို့သည် ဗုဒ္ဓဘုရား၏ တရားအရိပ်တွင် ယဉ်ကျေးသော လူမျိုးများအဖြစ် ရပ်တည်ရှင်သန်ခဲ့ကြသည်။ ဘုရားဟောကြားတော်မူသည့် တရားတော်များက မြန်မာတို့၏ စိတ်ကိုယဉ်ကျေးသိမ်မွေ့စေမည်ဖြစ်သည်။ ရှေးခေတ်ကစတင်၍ ယနေ့ခေတ်အထိ မြန်မာလူမျိုး မိဘများ၊ ဆရာများ၊ သားသမီးများ၊ တပည့်များကို မိမိတို့နာကြားရသည့် တရားအသိ၊ ဖတ်ရှုလေ့လာထားသော တရားအသိများကို ပြန်လည်မျှဝေဆုံးမပေးသည်။ အင်းဝခေတ်မှ စတင်ကာ မြန်မာစာဆိုတို့ကလည်း ဗုဒ္ဓ၏အဆုံးအမများကို ကဗျာအလင်္ကာများ ရေးဖွဲ့စပ်ဆိုကာ ဆုံးမစာများရေးသားပြုစုခဲ့ကြသည်။ ဆုံးမစာများကို လေ့လာမှတ်သားကာ မိဘဆရာသမားများက ကလေးငယ်များကို ဆုံးမသွန်သင်ကြသည်။

ယနေ့ခေတ်သည် ပညာခေတ်ဟုခေါ်ဆိုကြပြီး ပညာကိုသာ ကိုးကွယ်ရာဟု ခံယူထားကြသည်။ အင်းဝခေတ်ကပင် မြန်မာပညာရှိတို့က ပညာခေတ်ဟု သတ်မှတ်ခဲ့ကြပြီး လူ့လောကတွင် တင့်တယ်စေ၍ လိမ္မာယဉ်ကျေးစွာဖြင့် ရပ်တည်ရှင်သန်နိုင်ရန် ပညာသည်သာ အားထားရာဖြစ်သည်။ ထို့ပြင် မြန်မာတို့သည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းသူများဖြစ်၍ ကိုယ်ကျင့်တရားကို အလေးအနက်ထားသူများပီပီ သား၊ သမီးများအား ရိုးသားဖြောင့်မတ်စွာ နေထိုင်သွားလာတတ်စေရန် "ဟုတ်သောအကြံ၊ မှန်သောအကျင့် သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ"ဟု လက်သစ်တောင်တာ ဆုံးမစာ၌ ရေးဖွဲ့ပြဆိုထားသည်။ လူကြီးသူမများနှင့်ဆက်ဆံရာတွင် ရိုသေနိမ့်ချ ယဉ်ကျေးစွာပြောဆိုတတ်စေရန် "ကြီးသူတစ်ဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်စကားထွေလာ၊ ပြောသောအခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်" ဟု လက်သစ်တောင်တာ ဆုံးမစာတွင် ရေးဖွဲ့ခဲ့ပါသည်။ ထို့ကြောင့် မြန်မာလူငယ်တို့၏ ကိုယ်နှုတ်နှလုံး အမူအရာများသည် နှစ်သက်ဖွယ်ကောင်းလှသည်။

ထို့ပြင် မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းခြင်းဖြင့် သာသနာကို အဓွန့်ရှည်ကြာစွာ ထွန်းလင်းတောက်ပစေခဲ့သည်။ အလှူပြုတိုင်း စုပေါင်းဆောင်ရွက်ခြင်းဖြင့် ညီညွတ်စည်းလုံးသောအလှုကို မြန်မာတို့သည် သားယောက်ျားလေးများကို အရွယ်ရောက်စပြုသည်နှင့် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည့် ရှင်ပြုအလှူပွဲများ ကျင်းပလေ့ရှိကြသည်။ ထိုရှင်ပြုအလှူပွဲတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းမှာလည်း မြန်မာ့စိတ်အလှပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရား၏ တရားတော်များကို နှလုံးသွင်းကာ ယဉ်ကျေးသော စိတ်အလှများ ပျိုးထောင်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်း၍ ဘာသာ၊ သာသနာ အဓွန့်ရှည်ကြာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်



**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များမှာ ရပ်နားထားမည်ဖြစ်ပြီး ဩဂုတ် ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်း၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက် ဖဖ-၀၊ ၅၉လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းရပ်ကွက်၊ ၃၅လမ်း၊ အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉ လမ်း၊ ၁၄၀လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၂၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉လမ်း၊ ၃၆လမ်းဝန်ထမ်းအိမ်ရာအနီးနှင့် အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်း၊ ပွဲတော် ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဩဂုတ် ၂၁ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၁၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့် တို့တွင်လည်းကောင်း၊ ဩဂုတ် ၂၂ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## နှမ်းနက်အပါအဝင် နှမ်းမျိုးစုံဈေးကွက် ဈေးပြန်လည်မြင့်တက်ကာ အဝယ်သွက်နေ



**မန္တလေး ဩဂုတ် ၁၆**

နှမ်းနက်အပါအဝင် နှမ်းမျိုးစုံဈေးကွက် ဈေးပြန်လည်မြင့်တက်ကာ အဝယ်သွက်နေကြောင်း နှမ်းကုန်သည်များထံမှ သိရသည်။

ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ဈေးကျဆင်း အဝယ်အေးနေရာမှ ဩဂုတ် ၁၄-၁၅ ရက်များတွင် ဈေးကျဆင်းမှုရပ်သွားပြီး နှမ်းနက်များမှာ ပို့ကုန်သမား အဝယ်နှင့် ဈေးကျဆင်းချိန်ဖြစ်သောကြောင့် လှောင်လက်သမားများ အဝယ်ပြန်သွက်လာရာ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀-၂၀၀၀၀ ခန့် ဈေးပြန်လည်မြင့်တက်လာကြောင်း၊ ဈေးကျဆင်းမှုရပ်ပြီး အနည်းငယ်ဈေးမြင့်တက်လာသော်လည်း ယခင်ပုံမှန်ဈေးတန်းသို့ မရောက်ရှိသေးကြောင်း၊ ပို့ကုန်ပဲများ ဈေးပြောင်းလဲမှု မရရှိသေးကြောင်း၊ မြေပဲဆန်မျိုးစုံမှာလည်း အဝယ်ပြန်သွက်လာကာ ဈေးအနည်းငယ်မြင့်တက်လာကြောင်း လက်ရှိမှာ ပြည်တွင်းကုန်စည် သယ်ယူပို့ဆောင်ရာတွင် ဖြေလျှော့မှုများ ရှိလာသဖြင့် ပဲ၊ နှမ်း ဈေးကွက် အရောင်းအဝယ် ပုံမှန်ဖြစ်လာမည်ဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင်ဦးကျော်သွင်က ပြောသည်။

ဩဂုတ် ၁၅ရက်တွင် ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ စားတော်ပဲ (ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။ (ဝဲပုံ)

ဩဂုတ် ၁၅ ရက်တွင် ဈေးကျဆင်းနေသည့် နှမ်းနက်မှာ ဈေးအနည်းငယ် ပြန်လည်မြင့်တက်လာရာ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀၀၊ နှမ်းဖြူ (ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိနေပြီး အလားတူ မြေပဲအနီလုံးဆန်များ ဈေးပြန်တက်လာရာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၃၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဈေးကွက်အနည်းငယ် ကျဆင်းပြီး ဈေးငြိမ်နေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၇၀၀၀ အသီးသီး ဈေးကျဆင်းသွားသည်။ ထိုသို့ ဈေးကျဆင်းမှုကြောင့် လှောင်လက်သမားများ အဝယ်ကောင်းလာသည်။

ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ သာ ဈေးပေါက်နေပြီး ဆက်လက်ဈေးကျဆင်းနေကြောင်း သိရသည်။

ပြည်တွင်းသယ်ယူပို့ဆောင်မှု ဖြေလျှော့ပေးလာမှုများကြောင့် ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

(ရွှေမန်း)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့်ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၁၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့် ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့ရှိ ဦးအောင်ဇေယျဘုရားသို့ ရောက်ရှိပြီး ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ရှေးမူလက်ရာမပျက် စနစ်တကျထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊ နောင်ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဒဏ်ခံနိုင်အောင် ကြိုတင်အားဖြည့်စနစ်များပါ ထည့်သွင်းဆောင်ရွက်ရန်မှာကြားပြီး ဓာတ်တော်၊ စေတီတော်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီ ခိုင်ခံ့စွာ ဆက်လက်တည်မြဲစေရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အနော်ရထာမင်းကြီးတည်ထားခဲ့သည့် ဆည်တော်နံ့ ရွှေမုဋ္ဌောစေတီကြီး ပရိဝုဏ်အတွင်းရှိ စေတီ၊ ပုထိုးများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ၇ ရက်သားသမီးများ လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များကို ရွှေမုဋ္ဌောစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများဦးဆောင်၍ အလယ်ဌာပနာတော် သွင်းလှူပူဇော်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးက တည်ထားပူဇော်ပြီး သမိုင်းကြောင်းထင်ရှားသည့် စေတီတစ်ဆူဖြစ်သည့်အတွက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ နောင်ငလျင်ဒဏ်ခံနိုင်ရန်အတွက် ကြိုတင်အားဖြည့် စနစ်များအတွင်းတွင် ထည့်သွင်းတည်ဆောက်သွားရန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်ပြန်ထားသော SOP အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သံမဏိစက်ရုံစီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သံမဏိစက်ရုံ စီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများ၊ စီမံကိန်းကြီးကြပ်မှု ကော်မတီ၊ သံမဏိစက်ရုံ စီမံကိန်းများ စီမံကိန်း အကောင်အထည်ဖော်ရေး ကြီးကြပ်ဆောင်ရွက်မည့်အဖွဲ့၊ စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့နှင့် စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သံမဏိစက်ရုံစီမံကိန်းနှစ်ခုနှင့် ပတ်သက်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အရည်အသွေးများ ပြည့်မီရေး၊ လုပ်ငန်းများကို စနစ်တကျဖြင့် ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများရှိပါက ဝိုင်းဝန်းဖြေရှင်းနိုင်ရေး ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း၏ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) စက်ရုံမှူးက နှစ်အလိုက် သံမဏိများထုတ်လုပ်ခဲ့မှုနှင့် ကုန်ကြမ်းများ ကျန်ရှိမှုအခြေအနေ၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စက်ရုံမှူးက လေသန့်စင်အလုပ်ရုံ စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်းများတိုးတက်မှုနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်မီသည့် စီမံကိန်းလုပ်ငန်းများဖြစ်စေရေး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**☸ ရှေ့ဖုံးမှ**

၂၀၂၅ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းအား အနိုင်ယူခဲ့သည့် ဩစတြေးလျအသင်းနှင့် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုအတွင်း ဩစတြေးလျအသင်းနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆယ်စုနှစ်တစ်ခုအကြာတွင် ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့သည့် မြန်မာ့အသင်းအနေဖြင့် ဩစတြေးလျအသင်းအား အနိုင်ရယူပြီး အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**




# မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၉)ကြိမ်မြောက် အသက်(၇၀)နှစ်အထက် သက်ကြီးပူဇော်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ အသက်(၇၀)နှစ်အထက် သက်ကြီးဘောလုံးသမားဟောင်းများအား (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့၊ လမ်း ၇၀ နှင့် ၇၁လမ်းကြား၊ လမ်း ၃၀ ရှိ ဗထူးအားကစားကွင်းအထူးတန်းရှေ့မြက်ခင်းပြင်တွင် ယနေ့ညနေ ၄ နာရီက ကျင်းပရာ မန္တလေးဘောလုံးသမားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ) ဦးဆောင်သော အသင်းအမှုဆောင်များ အသင်းဝင်ဘောလုံးသမားဟောင်းများနှင့်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ သက်ကြီးကန်တော့ခံ လက်ရွေးစင်ဘောလုံးသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက ကန်တော့ခံသက်ကြီးကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ဦးဝင်းနိုင်က ကန်တော့ချိုးဖြင့် ဦးဆောင်တိုင်ပေး၍ ဘောလုံးသမားဟောင်းများ အလှူရှင်တို့က တက်ရောက်လာကြသည့် မန္တလေးဘောလုံးသမားဟောင်း ၄၂ ဦးတို့အား ဦးချကန်တော့ကြပြီး အလှူငွေများနှင့်အားကစားပစ္စည်းတို့ဖြင့် ဂါရဝပြုပေးအပ်ကန်တော့ကြရာ ကန်တော့ခံများကိုယ်စားလက်ရွေးစင်ဟောင်း ဦးခင်မောင်လေးက ဆုပေးစကားပြန်လည်ပြောကြားသည်။ တက်ရောက်လာကြသော ဧည့်သည်တော်များအား သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဝင် ဦးညိုဝင်း(ဝင်းရတနာခန်းမ)မှ ရေခဲမုန့်-ကိတ်အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်းနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားအပြီးတွင် မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ OLD STAR အသင်းနှင့်တင်ညွှန့်ကလပ်အသင်းတို့ ချစ်ရေးဘောလုံးပွဲယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**တင်မောင်-မန္တလေး**

(ယမန်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ်(၅၂/၂၀၂၅) မှအဆက်)

ပူးတွဲ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင် ပါဝင်သည့်နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | ကချင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ချီဖွေမြို့နယ် မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဆော့လော်မြို့နယ် မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | တနိုင်းမြို့နယ် မဲဆန္ဒနယ် | တနိုင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ် | ခေါင်လန်ဖူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | နောင်မွန်းမြို့နယ် မဲဆန္ဒနယ် | နောင်မွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ပူတာအိုမြို့နယ် မဲဆန္ဒနယ် | ပူတာအိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | မချမ်းဘောမြို့နယ် မဲဆန္ဒနယ် | မချမ်းဘောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဗန်းမော်မြို့နယ် မဲဆန္ဒနယ် | ဗန်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မံစီမြို့နယ် မဲဆန္ဒနယ် | မံစီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | မိုးမောက်မြို့နယ် မဲဆန္ဒနယ် | မိုးမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ရွှေကူမြို့နယ် မဲဆန္ဒနယ် | ရွှေကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဖားကန့်မြို့နယ် မဲဆန္ဒနယ် | ဖားကန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မိုးကောင်းမြို့နယ် မဲဆန္ဒနယ် | မိုးကောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | မိုးညှင်းမြို့နယ် မဲဆန္ဒနယ် | မိုးညှင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် | မြစ်ကြီးနားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ် | ဝိုင်းမော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ကယားပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ် | ဒီးမော့ဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဖရူဆိုမြို့နယ် မဲဆန္ဒနယ် | ဖရူဆိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဘောလခဲမြို့နယ် မဲဆန္ဒနယ် | ဘောလခဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မယ်စဲ့မြို့နယ် မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ရှားတောမြို့နယ် မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | လွိုင်ကော်မြို့နယ် မဲဆန္ဒနယ် | လွိုင်ကော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ကရင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် | ကော့ကရိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကြာအင်းဆိပ်ကြီးမြို့နယ်မဲဆန္ဒနယ် | ကြာအင်းဆိပ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဖာပွန်မြို့နယ် မဲဆန္ဒနယ် | ဖာပွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဘားအံမြို့နယ် မဲဆန္ဒနယ် | ဘားအံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် | လှိုင်းဘွဲ့မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မြဝတီမြို့နယ် မဲဆန္ဒနယ် | မြဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ် | သံတောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ချင်းပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | တီးတိန်မြို့နယ် မဲဆန္ဒနယ် | တီးတိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | တွန်းဇံမြို့နယ် မဲဆန္ဒနယ် | တွန်းဇံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ပလက်ဝမြို့နယ် မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဖလမ်းမြို့နယ် မဲဆန္ဒနယ် | ဖလမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မတူပီမြို့နယ် မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | မင်းတပ်မြို့နယ် မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ထန်တလန်မြို့နယ် မဲဆန္ဒနယ် | ထန်တလန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဟားခါးမြို့နယ် မဲဆန္ဒနယ် | ဟားခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | လေရှီးမြို့နယ် မဲဆန္ဒနယ် | လေရှီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | လဟယ်မြို့နယ် မဲဆန္ဒနယ် | လဟယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | နန်းယွန်းမြို့နယ် မဲဆန္ဒနယ် | နန်းယွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကလေးမြို့နယ် မဲဆန္ဒနယ် | ကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ကလေးဝမြို့နယ် မဲဆန္ဒနယ် | ကလေးဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မင်းကင်းမြို့နယ် မဲဆန္ဒနယ် | မင်းကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ကသာမြို့နယ် မဲဆန္ဒနယ် | ကသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ထီးချိုင့်မြို့နယ် မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဗန်းမောက်မြို့နယ် မဲဆန္ဒနယ် | ဗန်းမောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | အင်းတော်မြို့နယ် မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ကောလင်းမြို့နယ် မဲဆန္ဒနယ် | ကောလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ဝန်းသိုမြို့နယ် မဲဆန္ဒနယ် | ဝန်းသိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ပင်လည်ဘူးမြို့နယ် မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် | ကန့်ဘလူမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ကျွန်းလှမြို့နယ် မဲဆန္ဒနယ် | ကျွန်းလှမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ခန္တီးမြို့နယ် မဲဆန္ဒနယ် | ခန္တီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ် | စစ်ကိုင်းမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | မြင်းမူမြို့နယ် မဲဆန္ဒနယ် | မြင်းမူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မြောင်မြို့နယ် မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | တမူးမြို့နယ် မဲဆန္ဒနယ် | တမူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ချောင်းဦးမြို့နယ် မဲဆန္ဒနယ် | ချောင်းဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | ဘုတလင်မြို့နယ် မဲဆန္ဒနယ် | ဘုတလင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မုံရွာမြို့နယ် မဲဆန္ဒနယ် | မုံရွာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | အရာတော်မြို့နယ် မဲဆန္ဒနယ် | အရာတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | ဖောင်းပြင်မြို့နယ် မဲဆန္ဒနယ် | ဖောင်းပြင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | မော်လိုက်မြို့နယ် မဲဆန္ဒနယ် | မော်လိုက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | ကနီမြို့နယ် မဲဆန္ဒနယ် | ကနီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | ဆားလင်းကြီးမြို့နယ်မဲဆန္ဒနယ် | ဆားလင်းကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | ပုလဲမြို့နယ် မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | ယင်းမာပင်မြို့နယ် မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | တန့်ဆည်မြို့နယ် မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ရေဦးမြို့နယ် မဲဆန္ဒနယ် | ရေဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | ခင်ဦးမြို့နယ် မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | ရွှေဘိုမြို့နယ် မဲဆန္ဒနယ် | ရွှေဘိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | ဝက်လက်မြို့နယ် မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် | ဟုမ္မလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကော့သောင်းမြို့နယ် မဲဆန္ဒနယ် | ကော့သောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ထားဝယ်မြို့နယ် မဲဆန္ဒနယ် | ထားဝယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ရေဖြူမြို့နယ် မဲဆန္ဒနယ် | ရေဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | လောင်းလုံးမြို့နယ် မဲဆန္ဒနယ် | လောင်းလုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | သရက်ချောင်းမြို့နယ် မဲဆန္ဒနယ် | သရက်ချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ် | ဘုတ်ပြင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ကျွန်းစုမြို့နယ် မဲဆန္ဒနယ် | ကျွန်းစုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | တနင်္သာရီမြို့နယ် မဲဆန္ဒနယ် | တနင်္သာရီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ပုလောမြို့နယ် မဲဆန္ဒနယ် | ပုလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မြိတ်မြို့နယ် မဲဆန္ဒနယ် | မြိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | ပဲခူးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်) | | |
| ၁ | ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် | ကျောက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ် | ကျောက်တံခါးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ညောင်လေးပင်မြို့နယ် မဲဆန္ဒနယ် | ညောင်လေးပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ် | ဒိုက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ရွှေကျင်မြို့နယ် မဲဆန္ဒနယ် | ရွှေကျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | တောင်ငူမြို့နယ် မဲဆန္ဒနယ် | တောင်ငူမြို့နယ် တစ်ခုလုံး။ | ၁ ဦး |
| ၇ | ထန်းတပင်မြို့နယ် မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ဖြူးမြို့နယ် မဲဆန္ဒနယ် | ဖြူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ရေတာရှည်မြို့နယ် မဲဆန္ဒနယ် | ရေတာရှည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | အုတ်တွင်းမြို့နယ် မဲဆန္ဒနယ် | အုတ်တွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဇီးကုန်းမြို့နယ် မဲဆန္ဒနယ် | ဇီးကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နတ်တလင်းမြို့နယ် မဲဆန္ဒနယ် | နတ်တလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ပေါင်းတည်မြို့နယ် မဲဆန္ဒနယ် | ပေါင်းတည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | သဲကုန်းမြို့နယ် မဲဆန္ဒနယ် | သဲကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ကဝမြို့နယ် မဲဆန္ဒနယ် | ကဝမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ပဲခူးမြို့နယ် မဲဆန္ဒနယ် | ပဲခူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝေါမြို့နယ် မဲဆန္ဒနယ် | ဝေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | သနပ်ပင်မြို့နယ် မဲဆန္ဒနယ် | သနပ်ပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ပေါက်ခေါင်းမြို့နယ် မဲဆန္ဒနယ် | ပေါက်ခေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် | ပန်းတောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ပြည်မြို့နယ် မဲဆန္ဒနယ် | ပြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | ရွှေတောင်မြို့နယ် မဲဆန္ဒနယ် | ရွှေတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် | ကြို့ပင်ကောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မိုးညိုမြို့နယ် မဲဆန္ဒနယ် | မိုးညိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၅ သို့ »»

»»» စာမျက်နှာ ၄ မှ

| | | | |
|---|---|---|---|
| ၂၅ | မင်းလှမြို့နယ် မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | လက်ပံတန်းမြို့နယ် မဲဆန္ဒနယ် | လက်ပံတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | သာယာဝတီမြို့နယ် မဲဆန္ဒနယ် | သာယာဝတီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | အုတ်ဖိုမြို့နယ် မဲဆန္ဒနယ် | အုတ်ဖိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ချောက်မြို့နယ် မဲဆန္ဒနယ် | ချောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ရေနံချောင်းမြို့နယ် မဲဆန္ဒနယ် | ရေနံချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ် | ဂန့်ဂေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဆောမြို့နယ် မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ထီးလင်းမြို့နယ် မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ် | ဆိပ်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ပခုက္ကူမြို့နယ် မဲဆန္ဒနယ် | ပခုက္ကူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပေါက်မြို့နယ် မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | မြိုင်မြို့နယ် မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ရေစကြိုမြို့နယ် မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် | တောင်တွင်းကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နတ်မောက်မြို့နယ် မဲဆန္ဒနယ် | နတ်မောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မကွေးမြို့နယ် မဲဆန္ဒနယ် | မကွေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မြို့သစ်မြို့နယ် မဲဆန္ဒနယ် | မြို့သစ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ငဖဲမြို့နယ် မဲဆန္ဒနယ် | ငဖဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | စလင်းမြို့နယ် မဲဆန္ဒနယ် | စလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | စေတုတ္တရာမြို့နယ် မဲဆန္ဒနယ် | စေတုတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ် | ပွင့်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မင်းဘူးမြို့နယ် မဲဆန္ဒနယ် | မင်းဘူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ကံမမြို့နယ် မဲဆန္ဒနယ် | ကံမမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | မင်းတုန်းမြို့နယ် မဲဆန္ဒနယ် | မင်းတုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | မင်းလှမြို့နယ် မဲဆန္ဒနယ် | မင်းလှမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | သရက်မြို့နယ် မဲဆန္ဒနယ် | သရက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | ဆင်ပေါင်ဝဲမြို့နယ် မဲဆန္ဒနယ် | ဆင်ပေါင်ဝဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | အောင်လံမြို့နယ် မဲဆန္ဒနယ် | အောင်လံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ် | ကျောက်ဆည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | စဉ့်ကိုင်မြို့နယ် မဲဆန္ဒနယ် | စဉ့်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | မြစ်သားမြို့နယ် မဲဆန္ဒနယ် | မြစ်သားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် | ကျောက်ပန်းတောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ညောင်ဦးမြို့နယ် မဲဆန္ဒနယ် | ညောင်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ငါန်းဇွန်မြို့နယ် မဲဆန္ဒနယ် | ငါန်းဇွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | တံတားဦးမြို့နယ် မဲဆန္ဒနယ် | တံတားဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ် | ပြင်ဦးလွင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် | ချမ်းမြသာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ် | ချမ်းအေးသာစံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ပြည်ကြီးတံခွန်မြို့နယ် မဲဆန္ဒနယ် | ပြည်ကြီးတံခွန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | မဟာအောင်မြေမြို့နယ်မဲဆန္ဒနယ် | မဟာအောင်မြေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မလှိုင်မြို့နယ် မဲဆန္ဒနယ် | မလှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မိတ္ထီလာမြို့နယ် မဲဆန္ဒနယ် | မိတ္ထီလာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဝမ်းတွင်းမြို့နယ် မဲဆန္ဒနယ် | ဝမ်းတွင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | သာစည်မြို့နယ် မဲဆန္ဒနယ် | သာစည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | တောင်သာမြို့နယ် မဲဆန္ဒနယ် | တောင်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | နွားထိုးကြီးမြို့နယ် မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | မြင်းခြံမြို့နယ် မဲဆန္ဒနယ် | မြင်းခြံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ပျော်ဘွယ်မြို့နယ် မဲဆန္ဒနယ် | ပျော်ဘွယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | ရမည်းသင်းမြို့နယ် မဲဆန္ဒနယ် | ရမည်းသင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | စဉ့်ကူးမြို့နယ် မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မိုးကုတ်မြို့နယ် မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | သပိတ်ကျင်းမြို့နယ် မဲဆန္ဒနယ် | သပိတ်ကျင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | အမရပူရမြို့နယ် မဲဆန္ဒနယ် | အမရပူရမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ် | ပုသိမ်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | မတ္တရာမြို့နယ် မဲဆန္ဒနယ် | မတ္တရာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | အောင်မြေသာစံမြို့နယ်မဲဆန္ဒနယ် | အောင်မြေသာစံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **မွန်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် | ကျိုက်ထိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဘီးလင်းမြို့နယ် မဲဆန္ဒနယ် | ဘီးလင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ကျိုက်မရောမြို့နယ် မဲဆန္ဒနယ် | ကျိုက်မရောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ချောင်းဆုံမြို့နယ် မဲဆန္ဒနယ် | ချောင်းဆုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မုဒုံမြို့နယ် မဲဆန္ဒနယ် | မုဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | မော်လမြိုင်မြို့နယ် မဲဆန္ဒနယ် | မော်လမြိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် | သံဖြူဇရပ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ရေးမြို့နယ် မဲဆန္ဒနယ် | ရေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ပေါင်မြို့နယ် မဲဆန္ဒနယ် | ပေါင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | သထုံမြို့နယ် မဲဆန္ဒနယ် | သထုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရခိုင်ပြည်နယ်လွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောက်ဖြူမြို့နယ် မဲဆန္ဒနယ် | ကျောက်ဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | စစ်တွေမြို့နယ် မဲဆန္ဒနယ် | စစ်တွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ပေါက်တောမြို့နယ် မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ရသေ့တောင်မြို့နယ် မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် | တောင်ကုတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | မာန်အောင်မြို့နယ် မဲဆန္ဒနယ် | မာန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဘူးသီးတောင်မြို့နယ် မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | မောင်တောမြို့နယ် မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ကျောက်တော်မြို့နယ် မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | မင်းပြားမြို့နယ် မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မြေပုံမြို့နယ် မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | မြောက်ဦးမြို့နယ် မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဂွမြို့နယ် မဲဆန္ဒနယ် | ဂွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | သံတွဲမြို့နယ် မဲဆန္ဒနယ် | သံတွဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | အမ်းမြို့နယ် မဲဆန္ဒနယ် | အမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကမာရွတ်မြို့နယ် မဲဆန္ဒနယ် | ကမာရွတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ဗဟန်းမြို့နယ် မဲဆန္ဒနယ် | ဗဟန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ကျောက်တံတားမြို့နယ်မဲဆန္ဒနယ် | ကျောက်တံတားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဒဂုံမြို့နယ် မဲဆန္ဒနယ် | ဒဂုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ် | ပန်းဘဲတန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | လသာမြို့နယ် မဲဆန္ဒနယ် | လသာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | လမ်းမတော်မြို့နယ် မဲဆန္ဒနယ် | လမ်းမတော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် | တိုက်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ကော့မှူးမြို့နယ် မဲဆန္ဒနယ် | ကော့မှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ် | ကွမ်းခြံကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဆိပ်ကြီး/ခနောင်တိုမြို့နယ်မဲဆန္ဒနယ် | ဆိပ်ကြီး/ခနောင်တိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | တွံတေးမြို့နယ် မဲဆန္ဒနယ် | တွံတေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဒလမြို့နယ် မဲဆန္ဒနယ် | ဒလမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ဒေါပုံမြို့နယ် မဲဆန္ဒနယ် | ဒေါပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ် | ပုဇွန်တောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ် | ဗိုလ်တထောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ် | မင်္ဂလာတောင်ညွန့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | သာကေတမြို့နယ် မဲဆန္ဒနယ် | သာကေတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် | မရမ်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မြောက်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | မြောက်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | လှိုင်မြို့နယ် မဲဆန္ဒနယ် | လှိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် | မင်္ဂလာဒုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ် | ရွှေပြည်သာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | ထန်းတပင်မြို့နယ် မဲဆန္ဒနယ် | ထန်းတပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | မှော်ဘီမြို့နယ် မဲဆန္ဒနယ် | မှော်ဘီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | လှည်းကူးမြို့နယ် မဲဆန္ဒနယ် | လှည်းကူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | တာမွေမြို့နယ် မဲဆန္ဒနယ် | တာမွေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | တောင်ဥက္ကလာပမြို့နယ်မဲဆန္ဒနယ် | တောင်ဥက္ကလာပမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ရန်ကင်းမြို့နယ် မဲဆန္ဒနယ် | ရန်ကင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ် | သဃ်န်းကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | ကိုကိုးကျွန်းမြို့နယ် မဲဆန္ဒနယ် | ကိုကိုးကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | ကျောက်တန်းမြို့နယ် မဲဆန္ဒနယ် | ကျောက်တန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | ခရမ်းမြို့နယ် မဲဆန္ဒနယ် | ခရမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | သန်လျင်မြို့နယ် မဲဆန္ဒနယ် | သန်လျင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | သုံးခွမြို့နယ် မဲဆန္ဒနယ် | သုံးခွမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ် | ကြည့်မြင်တိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | စမ်းချောင်းမြို့နယ် မဲဆန္ဒနယ် | စမ်းချောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၂ | အလုံမြို့နယ် မဲဆန္ဒနယ် | အလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၃ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်မဲဆန္ဒနယ် | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်မဲဆန္ဒနယ် | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၅ | အင်းစိန်မြို့နယ် မဲဆန္ဒနယ် | အင်းစိန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |

စာမျက်နှာ ၆ သို့ »»»

»»» စာမျက်နှာ ၅ မှ

| | | | |
|---|---|---|---|
| | **ရှမ်းပြည်နယ်လွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | မက်မန်းမြို့နယ် မဲဆန္ဒနယ် | မက်မန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ပန်ဆန်း(ပန်ခမ်း)မြို့နယ် မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | နားဖန်းမြို့နယ် မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ဟိုပန်မြို့နယ် မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | မိုင်းမောမြို့နယ် မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ပန်ဝိုင်မြို့နယ် မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | ရွာငံမြို့နယ် မဲဆန္ဒနယ် | ရွာငံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ပင်းတယမြို့နယ် မဲဆန္ဒနယ် | ပင်းတယမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဟိုပုံးမြို့နယ် မဲဆန္ဒနယ် | ဟိုပုံးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ဆီဆိုင်မြို့နယ် မဲဆန္ဒနယ် | ဆီဆိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ပင်လောင်းမြို့နယ် မဲဆန္ဒနယ် | ပင်လောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | မန်တုံမြို့နယ် မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | လောက်ကိုင်မြို့နယ် မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | ကလောမြို့နယ် မဲဆန္ဒနယ် | ကလောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် | ညောင်ရွှေမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် | ဖယ်ခုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ကျောက်မဲမြို့နယ် မဲဆန္ဒနယ် | ကျောက်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | သီပေါမြို့နယ် မဲဆန္ဒနယ် | သီပေါမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | နောင်ချိုမြို့နယ် မဲဆန္ဒနယ် | နောင်ချိုမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | နမ္မတူမြို့နယ် မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် | ကျိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းခတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် | မိုင်းပျဉ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၇ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ် | တာချီလိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၈ | မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းဖြတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၉ | တောင်ကြီးမြို့နယ် မဲဆန္ဒနယ် | တောင်ကြီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၀ | ရပ်စောက်မြို့နယ် မဲဆန္ဒနယ် | ရပ်စောက်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၁ | တန့်ယန်းမြို့နယ် မဲဆန္ဒနယ် | တန့်ယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၂ | မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် | မိုင်းရယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၃ | ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် | ကွန်ဟိန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၄ | နမ့်စန်မြို့နယ် မဲဆန္ဒနယ် | နမ့်စန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၅ | မိုးနဲမြို့နယ် မဲဆန္ဒနယ် | မိုးနဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၆ | နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၇ | မူဆယ်မြို့နယ် မဲဆန္ဒနယ် | မူဆယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၈ | မဘိမ်းမြို့နယ် မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃၉ | မိုးမိတ်မြို့နယ် မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၀ | မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် | မိုင်းဆတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၁ | မိုင်းတုံမြို့နယ် မဲဆန္ဒနယ် | မိုင်းတုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၂ | မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ် | မိုင်းယောင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၃ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် | မိုင်းယန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၄ | ကျေးသီးမြို့နယ် မဲဆန္ဒနယ် | ကျေးသီးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၅ | မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် | မိုင်းရှူးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၆ | မိုင်းလားမြို့နယ် မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၇ | ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၈ | လားရှိုးမြို့နယ် မဲဆန္ဒနယ် | လားရှိုးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄၉ | သိန္နီမြို့နယ် မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၀ | မိုင်းပန်မြို့နယ် မဲဆန္ဒနယ် | မိုင်းပန်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၁ | မောက်မယ်မြို့နယ် မဲဆန္ဒနယ် | မောက်မယ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၂ | လင်းခေးမြို့နယ် မဲဆန္ဒနယ် | လင်းခေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၃ | မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ် | မိုင်းကိုင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၄ | လဲချားမြို့နယ် မဲဆန္ဒနယ် | လဲချားမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅၅ | လွိုင်လင်မြို့နယ် မဲဆန္ဒနယ် | လွိုင်လင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| | **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | |
| ၁ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ် | ကျောင်းကုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂ | ကျုံပျော်မြို့နယ် မဲဆန္ဒနယ် | ကျုံပျော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၃ | ရေကြည်မြို့နယ် မဲဆန္ဒနယ် | ရေကြည်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၄ | ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ် | ကန်ကြီးထောင့်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၅ | ငပုတောမြို့နယ် မဲဆန္ဒနယ် | ငပုတောမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၆ | ပုသိမ်မြို့နယ် မဲဆန္ဒနယ် | ပုသိမ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၇ | သာပေါင်းမြို့နယ် မဲဆန္ဒနယ် | သာပေါင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၈ | ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် | ကျိုက်လတ်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၉ | ဒေးဒရဲမြို့နယ် မဲဆန္ဒနယ် | ဒေးဒရဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၀ | ဖျာပုံမြို့နယ် မဲဆန္ဒနယ် | ဖျာပုံမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၁ | ဘိုကလေးမြို့နယ် မဲဆန္ဒနယ် | ဘိုကလေးမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၂ | ညောင်တုန်းမြို့နယ် မဲဆန္ဒနယ် | ညောင်တုန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၃ | ဓနုဖြူမြို့နယ် မဲဆန္ဒနယ် | ဓနုဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၄ | ပန်းတနော်မြို့နယ် မဲဆန္ဒနယ် | ပန်းတနော်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၅ | မအူပင်မြို့နယ် မဲဆန္ဒနယ် | မအူပင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၆ | မြောင်းမြမြို့နယ် မဲဆန္ဒနယ် | မြောင်းမြမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၇ | ဝါးခယ်မမြို့နယ် မဲဆန္ဒနယ် | ဝါးခယ်မမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၈ | အိမ်မဲမြို့နယ် မဲဆန္ဒနယ် | အိမ်မဲမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၁၉ | ကြံခင်းမြို့နယ် မဲဆန္ဒနယ် | ကြံခင်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၀ | မြန်အောင်မြို့နယ် မဲဆန္ဒနယ် | မြန်အောင်မြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၁ | အင်္ဂပူမြို့နယ် မဲဆန္ဒနယ် | အင်္ဂပူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၂ | မော်လမြိုင်ကျွန်းမြို့နယ် မဲဆန္ဒနယ် | မော်လမြိုင်ကျွန်းမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၃ | လပွတ္တာမြို့နယ် မဲဆန္ဒနယ် | လပွတ္တာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၄ | ဓနုဖြူမြို့နယ် မဲဆန္ဒနယ် | ဓနုဖြူမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၅ | လေးမျက်နှာမြို့နယ် မဲဆန္ဒနယ် | လေးမျက်နှာမြို့နယ်တစ်ခုလုံး။ | ၁ ဦး |
| ၂၆ | ဟင်္သာတမြို့နယ် မဲဆန္ဒနယ် | ဟင်္သာတမြို့နယ်တစ်ခုလုံး။ | ၁ ဦး |

ပူးတွဲ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများ | ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် |
|---|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ပူတာအိုခရိုင်တစ်ခုလုံး။<br>ချီဖွေခရိုင်တစ်ခုလုံး။<br>တနိုင်းခရိုင်တစ်ခုလုံး။<br>ဝိုင်းမော်မြို့နယ်။ | ၉ ဦး |
| ၂ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ဗန်းမော်ခရိုင်တစ်ခုလုံး။<br>မိုးညှင်းခရိုင်တစ်ခုလုံး။<br>မြစ်ကြီးနားမြို့နယ်။<br>အင်ဂျန်းယန်မြို့နယ်။ | ၉ ဦး |
| | **ကယားပြည်နယ်လွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ကယားပြည်နယ်တစ်ခုလုံး။ | ၇ ဦး |
| | **ကရင်ပြည်နယ်လွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၄ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ကရင်ပြည်နယ်တစ်ခုလုံး။ | ၇ ဦး |
| | **ချင်းပြည်နယ်လွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၅ | မဲဆန္ဒနယ်အမှတ် ( ၁ ) | ချင်းပြည်နယ်တစ်ခုလုံး။ | ၉ ဦး |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်<br>(အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၆ | မဲဆန္ဒနယ်အမှတ် ( ၁ ) | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။<br>ခန္တီးခရိုင်တစ်ခုလုံး။<br>မော်လိုက်ခရိုင်တစ်ခုလုံး။<br>တမူးခရိုင်တစ်ခုလုံး။<br>ကလေးခရိုင်တစ်ခုလုံး။<br>ဟုမ္မလင်းခရိုင်တစ်ခုလုံး။ | ၁၁ ဦး |
| ၇ | မဲဆန္ဒနယ်အမှတ် ( ၂ ) | ယင်းမာပင်ခရိုင်တစ်ခုလုံး။<br>မုံရွာခရိုင်တစ်ခုလုံး။<br>စစ်ကိုင်းခရိုင်တစ်ခုလုံး။<br>ရွှေဘိုခရိုင်တစ်ခုလုံး။<br>ရေဦးခရိုင်တစ်ခုလုံး။ | ၁၇ ဦး |

စာမျက်နှာ ၇ သို့ »»»

››› စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၈ | မဲဆန္ဒနယ်အမှတ် (၃) | ကသာခရိုင်တစ်ခုလုံး။ | ၉ ဦး |
| | | ကောလင်းခရိုင်တစ်ခုလုံး။ | |
| | | ကန့်ဘလူခရိုင်တစ်ခုလုံး။ | |
| | **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၉ | မဲဆန္ဒနယ်အမှတ် (၁) | တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး။ | ၁၀ ဦး |
| | **ပဲခူးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၀ | မဲဆန္ဒနယ်အမှတ် (၁) | တောင်ငူခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၁ | မဲဆန္ဒနယ်အမှတ် (၂) | သာယာဝတီခရိုင်တစ်ခုလုံး။ | ၆ ဦး |
| ၁၂ | မဲဆန္ဒနယ်အမှတ် (၃) | ညောင်လေးပင်ခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၃ | မဲဆန္ဒနယ်အမှတ် (၄) | ပဲခူးခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၁၄ | မဲဆန္ဒနယ်အမှတ် (၅) | နတ်တလင်းခရိုင်တစ်ခုလုံး။ | ၈ ဦး |
| | | ပြည်ခရိုင်တစ်ခုလုံး။ | |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၅ | မဲဆန္ဒနယ်အမှတ် (၁) | ဂန့်ဂေါခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| | | ပခုက္ကူခရိုင်တစ်ခုလုံး။ | |
| | | ချောက်ခရိုင်တစ်ခုလုံး။ | |
| ၁၆ | မဲဆန္ဒနယ်အမှတ် (၂) | မင်းဘူးခရိုင်တစ်ခုလုံး။ | ၅ ဦး |
| ၁၇ | မဲဆန္ဒနယ်အမှတ် (၃) | မကွေးခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၁၈ | မဲဆန္ဒနယ်အမှတ် (၄) | သရက်ခရိုင်တစ်ခုလုံး။ | ၆ ဦး |
| | | အောင်လံခရိုင်တစ်ခုလုံး။ | |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၁၉ | မဲဆန္ဒနယ်အမှတ် (၁) | ညောင်ဦးခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | | မြင်းခြံခရိုင်တစ်ခုလုံး။ | |
| ၂၀ | မဲဆန္ဒနယ်အမှတ် (၂) | မိတ္ထီလာခရိုင်တစ်ခုလုံး။ | ၆ ဦး |
| | | ရမည်းသင်းခရိုင်တစ်ခုလုံး။ | |
| ၂၁ | မဲဆန္ဒနယ်အမှတ် (၃) | ကျောက်ဆည်ခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | | တံတားဦးခရိုင်တစ်ခုလုံး။ | |
| ၂၂ | မဲဆန္ဒနယ်အမှတ် (၄) | ပြင်ဦးလွင်ခရိုင်တစ်ခုလုံး။ | ၇ ဦး |
| | | သပိတ်ကျင်းခရိုင်တစ်ခုလုံး။ | |
| | | အောင်မြေသာစံခရိုင်တစ်ခုလုံး။ | |
| ၂၃ | မဲဆန္ဒနယ်အမှတ် (၅) | မဟာအောင်မြေခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | | အမရပူရခရိုင်တစ်ခုလုံး။ | |
| | **မွန်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၄ | မဲဆန္ဒနယ်အမှတ် (၁) | မွန်ပြည်နယ်တစ်ခုလုံး။ | ၁၀ ဦး |
| | **ရခိုင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၅ | မဲဆန္ဒနယ်အမှတ် (၁) | စစ်တွေခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| | | မောင်တောခရိုင်တစ်ခုလုံး။ | |
| | | မြောက်ဦးခရိုင်တစ်ခုလုံး။ | |
| ၂၆ | မဲဆန္ဒနယ်အမှတ် (၂) | ကျောက်ဖြူခရိုင်တစ်ခုလုံး။ | ၇ ဦး |
| | | တောင်ကုတ်ခရိုင်တစ်ခုလုံး။ | |
| | | သံတွဲခရိုင်တစ်ခုလုံး။ | |
| | | အမ်းခရိုင်တစ်ခုလုံး။ | |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၂၇ | မဲဆန္ဒနယ်အမှတ် (၁) | ကျောက်တံတားခရိုင်တစ်ခုလုံး။ | ၁၃ ဦး |
| | | မရမ်းကုန်းခရိုင်တစ်ခုလုံး။ | |
| | | ကမာရွတ်ခရိုင်တစ်ခုလုံး။ | |
| | | အလုံခရိုင်တစ်ခုလုံး။ | |
| ၂၈ | မဲဆန္ဒနယ်အမှတ် (၂) | ဒဂုံမြို့သစ်ခရိုင်တစ်ခုလုံး။ | ၈ ဦး |
| | | သဃ်္ဃန်းကျွန်းခရိုင်တစ်ခုလုံး။ | |
| ၂၉ | မဲဆန္ဒနယ်အမှတ် (၃) | တွံတေးခရိုင်တစ်ခုလုံး။ | ၈ ဦး |
| | | အင်းစိန်ခရိုင်တစ်ခုလုံး။ | |
| ၃၀ | မဲဆန္ဒနယ်အမှတ် (၄) | သန်လျင်ခရိုင်တစ်ခုလုံး။ | ၁၀ ဦး |
| | | ဗိုလ်တထောင်ခရိုင်တစ်ခုလုံး။ | |
| ၃၁ | မဲဆန္ဒနယ်အမှတ် (၅) | တိုက်ကြီးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| | | မှော်ဘီခရိုင်တစ်ခုလုံး။ | |
| ၃၂ | မဲဆန္ဒနယ်အမှတ် (၆) | လှည်းကူးခရိုင်တစ်ခုလုံး။ | ၃ ဦး |
| | | မင်္ဂလာဒုံခရိုင်တစ်ခုလုံး။ | |
| | **ရှမ်းပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃၃ | မဲဆန္ဒနယ်အမှတ် (၁) | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁၃ ဦး |
| | | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | |
| | | ကလောခရိုင်တစ်ခုလုံး။ | |
| | | တောင်ကြီးခရိုင်တစ်ခုလုံး။ | |
| | | လင်းခေးခရိုင်တစ်ခုလုံး။ | |
| ၃၄ | မဲဆန္ဒနယ်အမှတ် (၂) | နမ့်စန်ခရိုင်တစ်ခုလုံး။ | ၈ ဦး |
| | | မိုင်းရှူးခရိုင်တစ်ခုလုံး။ | |
| | | လွိုင်လင်ခရိုင်တစ်ခုလုံး။ | |
| ၃၅ | မဲဆန္ဒနယ်အမှတ် (၃) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | ၁၀ ဦး |
| | | ကျောက်မဲခရိုင်တစ်ခုလုံး။ | |
| | | တန့်ယန်းခရိုင်တစ်ခုလုံး။ | |
| | | မိုးမိတ်ခရိုင်တစ်ခုလုံး။ | |
| ၃၆ | မဲဆန္ဒနယ်အမှတ် (၄) | ကျိုင်းတုံခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | | မိုင်းဆတ်ခရိုင်တစ်ခုလုံး။ | |
| | | မိုင်းတုံခရိုင်တစ်ခုလုံး။ | |
| ၃၇ | မဲဆန္ဒနယ်အမှတ် (၅) | မိုင်းယောင်းခရိုင်တစ်ခုလုံး။ | ၅ ဦး |
| | | မိုင်းယန်းခရိုင်တစ်ခုလုံး။ | |
| | | မိုင်းလားခရိုင်တစ်ခုလုံး။ | |
| | | တာချီလိတ်ခရိုင်တစ်ခုလုံး။ | |
| ၃၈ | မဲဆန္ဒနယ်အမှတ် (၆) | 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း။ | ၁၄ ဦး |
| | | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ | |
| | | ကွတ်ခိုင်ခရိုင်တစ်ခုလုံး။ | |
| | | မူဆယ်ခရိုင်တစ်ခုလုံး။ | |
| | | လားရှိုးခရိုင်တစ်ခုလုံး။ | |
| | **ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်)** | | |
| ၃၉ | မဲဆန္ဒနယ်အမှတ် (၁) | မြောင်းမြခရိုင်တစ်ခုလုံး။ | ၉ ဦး |
| | | လပွတ္တာခရိုင်တစ်ခုလုံး။ | |
| | | ဖျာပုံခရိုင်တစ်ခုလုံး။ | |
| ၄၀ | မဲဆန္ဒနယ်အမှတ် (၂) | ပုသိမ်ခရိုင်တစ်ခုလုံး။ | ၄ ဦး |
| ၄၁ | မဲဆန္ဒနယ်အမှတ် (၃) | ကျုံပျော်ခရိုင်တစ်ခုလုံး။ | ၇ ဦး |
| | | မအူပင်ခရိုင်တစ်ခုလုံး။ | |
| ၄၂ | မဲဆန္ဒနယ်အမှတ် (၄) | မြန်အောင်ခရိုင်တစ်ခုလုံး။ | ၆ ဦး |
| | | ဟင်္သာတခရိုင်တစ်ခုလုံး။ | |

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့နံနက် ၈ နာရီ တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

(ယမန်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ်(၅၃/၂၀၂၅) မှအဆက်)

ပူးတွဲ

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် သတ်မှတ်ထားသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ

| စဉ် | မဲဆန္ဒနယ် | တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တွင်ပါဝင်သည့် နယ်မြေများစာရင်း |
|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၂ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၃ | လီဆူးတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| ၄ | ရဝမ်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကချင်ပြည်နယ် တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကယားပြည်နယ် တစ်ခုလုံး။ |
| | **ကရင်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| ၂ | မွန်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| ၃ | ပအိုဝ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ကရင်ပြည်နယ် တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | စစ်ကိုင်းတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ပဲခူးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မကွေးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ရှမ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မန္တလေးတိုင်းဒေသကြီး တစ်ခုလုံး။ |
| | **မွန်ပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| ၂ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| ၃ | ပအိုဝ်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | မွန်ပြည်နယ် တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော်** | |
| ၁ | ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရခိုင်ပြည်နယ် တစ်ခုလုံး။ |
| | **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်လွှတ်တော်** | |
| ၁ | ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၂ | ကချင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၃ | လီဆူးတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၄ | လားဟူတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၅ | အင်းသားတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၆ | အာခါတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| ၇ | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ရှမ်းပြည်နယ် တစ်ခုလုံး။ |
| | **ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်** | |
| ၁ | ကရင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး။ |
| ၂ | ရခိုင်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် | ဧရာဝတီတိုင်းဒေသကြီး တစ်ခုလုံး။ |

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၂၄ ဦးတို့အား ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူ ကိုးဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ကိုးဦးအား ငှက်ဖျားရောဂါပိုး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသား ပြည်သူ ၅၂ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသူ ၃၉ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှု ဆေးအဖွဲ့များက လိုအပ်သည့် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပုဗ္ဗသီရိ ဩဂုတ် ၁၆**

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်ရှိ အဆင့်မြင့်အိမ်ရာမဏ္ဍာရုံနှင့် အေးမြင့်သာယာရပ်ကွက်မဏ္ဍာရုံများ၌ ဆောင်ရွက်ခဲ့သည်။



ဦးစွာ ဇေယျာသီရိခရိုင်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်က အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သိမ့်သိမ့်ထွေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားပါက ဆောင်ရွက်ရန် နည်းလမ်းများကို အသိပညာပေးပြောကြားကာ တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ပြီး ကျန်ရှိနေသေးသည့် ရပ်ကွက်၊ ကျေးရွာများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဓဝံ)

အောင်ကို(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဂီတဆည်းဆာနှင့်ပဒေသာကပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်တွင် ဂီတဆည်းဆာနှင့် ပဒေသာကပွဲအခမ်းအနားအောင်မြင်စွာ ထည့်သွင်းကျင်းပနိုင်ရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးတက္ကသိုလ် URC အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီး၊ ဆရာမကြီးများ၊ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများစုံလင်စွာ တက်ရောက်ကြသည်။ (အပေါ်ပုံ)

အခမ်းအနားတွင် ဂီတဆည်းဆာနှင့်ပဒေသာကပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းကြရာ ဆွေးနွေးညှိနှိုင်းမှုများအပေါ် ပါမောက္ခချုပ်နှင့် ဆရာကြီး၊ ဆရာမကြီးများက ဖြည့်ဆည်းညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

(ကဆ)

## အမေရိကန်-ရုရှားနှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပ




ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်-ရုရှားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ယနေ့တွင် အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ် Anchorage မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံး လူချင်းတွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်က ၎င်းတို့၏ဆွေးနွေးမှုများသည် လွန်စွာအကျိုးဖြစ်ထွန်းစေကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် အထူးကိုယ်စားလှယ် စတီးဗ်ဝတ်စ်ကော့ဖ်တို့တက်ရောက်ခဲ့ကြသည်။ အလားတူ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလက်ဗရော့ဗ်နှင့် သမ္မတလက်ထောက် ယူရီရှာကော့ဗ်တို့ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲသည် နှစ်နာရီခွဲခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်က သမ္မတ ပူတင်နှင့် သဘောတူညီခဲ့သည့် သီးခြားအချက်များကို အသေးစိတ်ဖော်ပြခြင်းမရှိသော်လည်း မကြာမီအချိန်တွင် ဆွေးနွေးပွဲထပ်မံကျင်းပသွားမည် ဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲ၌ ပြောကြားသည်။

သမ္မတ ပူတင်က မကြာမီကျင်းပမည့်ဆွေးနွေးပွဲကို မော်စကိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ပြောကြား**

အမေရိကန်၊ ရုရှားနှင့် ယူကရိန်းတို့သည် မကြာမီ အစည်းအဝေးတစ်ခု ကျင်းပနိုင်ဖွယ်ရှိပြီး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်တစ်ခုရရှိရန်မှာ သမ္မတ ဇီလန်စကီး အပေါ်တွင် မူတည်ကြောင်း သမ္မတ ထရမ့်က ဖောက်စ်နယူး သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၈ ရက်တွင် ဇီလန်စကီးနှင့် ဝါရှင်တန်၌ တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် အမေရိကန်၊ ရုရှားနှင့် ယူကရိန်း သုံးပွင့်ဆိုင် အစည်းအဝေးကို ကြိုဆိုပါကြောင်း ၎င်း၏ ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

အမေရိကန်အနေဖြင့် ရန်လိုမှုများနှင့် အကျပ်အတည်းကို ရပ်တန့်ရန်နှင့် ပဋိပက္ခတွင် ပါဝင်နေသည့် ပါတီအားလုံး၏ အကျိုးစီးပွားအတွက် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းလျက်ရှိကြောင်း သမ္မတ ပူတင်က ထိပ်သီးအစည်းအဝေး မတိုင်မီ မှတ်ချက်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကြိုးပမ်းမှုများသည် ကမ္ဘာ့ငြိမ်းချမ်းရေးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အခြေအနေကောင်းများ ဖန်တီးပေးခြင်းဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ပလတ်စတစ်ညစ်ညမ်းမှု ကိုင်တွယ်ဖြေရှင်းရေး ဂျီနီဗာဆွေးနွေးပွဲ ကိုယ်စားလှယ်များအကြား သဘောတူညီမှု မရရှိ



**ဂျီနီဗာ ဩဂုတ် ၁၆**

ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကမ္ဘာ့ပထမဆုံး တရားဝင်စည်းနှောင်မှုရှိသော စာချုပ်တစ်ရပ်ကို ဆွေးနွေးနေသည့် ကိုယ်စားလှယ်များအကြား သဘောတူညီမှု မရရှိဘဲပြီးဆုံးသွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တော်တွင် သုံးရက်ကြာ ရပ်တန့်နေသည့် ကုလသမဂ္ဂဆွေးနွေးပွဲများမှ အောင်မြင်မှုတစ်ခုရရှိရန် ကိုယ်စားလှယ်များအနေဖြင့် ကြိုးပမ်းခဲ့ကြသော်လည်း ရည်မှန်းချက်ကြီးမားသော စာချုပ်ကို တွန်းအားပေးနေသည့် နိုင်ငံများက တစ်ညတာအတွင်း ထုတ်ပြန်ခဲ့သည့် နောက်ဆုံးစာသားသည် ၎င်းတို့၏ မျှော်လင့်ချက်များကို ကုန်ဆုံးသွားစေခဲ့သည်။

ဆွေးနွေးပွဲသဘာပတိဖြစ်သူ အီကွေဒေါ်နိုင်ငံမှ လူးဝစ် ဗာယာဗယ်ဒီဗီယက်ဆိုက နောင်တစ်ချိန်တွင် ပြန်လည်ဆွေးနွေးရန် ကတိပြုပြီး ဆွေးနွေးပွဲကို ရွှေ့ဆိုင်းခဲ့ရာ မနက်စောစောပိုင်းအထိ အလုပ်လုပ်ခဲ့ရသည့် ပင်ပန်းနွမ်းနယ်နေသော ကိုယ်စားလှယ်များထံမှ အားမရှိသော လက်ခုပ်သံများ ထွက်ပေါ်လာသည်။

များစွာသောသူတို့၏ စစ်မှန်သောကြိုးစားအားထုတ်မှုများနှင့် ဆွေးနွေးမှုများတွင် အမှန်တကယ်တိုးတက်မှုများရှိခဲ့သော်လည်း မည်သည့်အကျိုးရလဒ်မျှ ထွက်ပေါ်မလာခဲ့သည့်အတွက် ကျွန်မ ဒေါသထွက်မိပါတယ်ဟု ပြင်သစ်ဂေဟဗေဒဝန်ကြီး အဂ္ဂနက်စ် ပန်နီယာရူနာချာက အစည်းအဝေးပိတ်ပွဲတွင် ပြောကြားလိုက်ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ



## ထိုင်းဘုရင်၏ အကြီးဆုံးသမီးတော်ဘာဂျရာ ကီတိယာဘာ မဟီဒေါ် နှစ်နှစ်ကျော် ဖျားနာခဲ့ပြီးနောက် သွေးကူးစက်မှုရောဂါ ခံစားနေရ

**ဘန်ကောက် ဩဂုတ် ၁၆**

ထိုင်းဘုရင်၏ အကြီးဆုံးသမီးတော်သည် ဆေးရုံတွင် နှစ်နှစ်ကျော်ကြာ အပြင်းအထန်ဖျားနာနေခဲ့ပြီး ယခုအခါ ပြင်းထန်သော သွေးကူးစက်မှုရောဂါခံစားနေရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မင်းသမီး ဘာဂျရာ ကီတိယာဘာ မဟီဒေါသည် ၂၀၂၂ခုနှစ် ဒီဇင်ဘာလက ဘန်ကောက်မြို့တော်မြောက်ပိုင်း နခွန်ရတ်ချစီမာ၌ လေ့ကျင့်ခန်းပြုလုပ်နေစဉ် နှလုံးရောဂါဖြင့် မမာမကျန်းဖြစ်ကာ ဆေးရုံတွင် သတိလစ်မေ့မြောနေခဲ့သည်။

တော်ဝင်နန်းတော်ရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် မင်းသမီး၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ နှစ်နှစ်ကျော်အတွင်း ပထမဆုံး အကြိမ်ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

မင်းသမီးရဲ့ အဆုတ်နဲ့ကျောက်ကပ်တွေဟာ ဆေးဘက်ဆိုင်ရာ ပစ္စည်းတွေနဲ့ ဆေးဝါးတွေရဲ့အကူအညီနဲ့ အလုပ်လုပ်နေတယ်လို့ ဆရာဝန်တွေက အစီရင်ခံထားပါတယ်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Mon

## ဒိန်းမတ်နိုင်ငံတောင်ပိုင်းတွင် ရထားတစ်စီး လမ်းချော်တိမ်းမှောက် လူတစ်ဦးသေဆုံးကာ အများအပြားဒဏ်ရာရရှိ

**ကိုပင်ဟေဂင် ဩဂုတ် ၁၆**

ဒိန်းမတ်နိုင်ငံတောင်ပိုင်းတွင် ရထားတစ်စီးသည် အညစ်အကြေးစုပ်ယူသောယာဉ်နှင့် ယမန်နေ့က တိုက်မိပြီး လမ်းချော်တိမ်းမှောက်မှုကြောင့် လူတစ်ဦး သေဆုံးကာ အများအပြား ဒဏ်ရာရရှိသည်ဟု တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

အဆိုပါရထားတိုက်မှုသည် တောင်ပိုင်းဂျူတလန်နယ်ရှိ တင်ဂလက်ဗ်နှင့် ကလစ်လက်ဗ်မြို့နှစ်မြို့အကြား ဖြစ်ပွားခဲ့ပြီး ရဲ၊ အရေးရှိများလည်း အခင်းဖြစ်နေရာသို့ ရောက်ရှိနေကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။

ရဟတ်ယာဉ်များကို အခင်းဖြစ်နေရာသို့ စေလွှတ်ထားကြောင်း ဒေသတွင်း ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ဖော်ပြသည်။

ဂျာမနီနယ်စပ်အနီးရှိ တင်ဂလက်ဗ်နှင့် ဆုန်ဒါဘော့မြို့အကြား ပြေးဆွဲနေသည့် ရထားဝန်ဆောင်မှုများနှင့် နိုင်ငံပိုင်ရထားလုပ်ငန်းဖြစ်သော ဒီအက်စ်ဘီတို့ ရပ်ဆိုင်းထားကြောင်း သိရသည်။

Mon





## ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း၌ မုတ်သုံမိုးသည်းထန်စွာရွာသွန်း ၂၄ နာရီအတွင်း လူအနည်းဆုံး ၁၆၉ ဦး သေဆုံးခဲ့သည်ဟု ဆို

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၆**

မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသ တစ်လျှောက်တွင် မြေပြိုမှုများနှင့် ရုတ်တရက်ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူ ၁၆၉ ဦး သေဆုံးခဲ့သည်ဟု အမျိုးသားနှင့် ဒေသဆိုင်ရာအရာရှိများက ဩဂုတ် ၁၅ ရက်တွင် အတည်ပြုခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့အစည်း၏အဆိုအရ သေဆုံးသူ အများဆုံးသည် တောင်တန်းပေါများသော ခိုင်ဘာပက်ခ်တွန်ခါ ပြည်နယ်တွင်ဖြစ်ကြောင်း မှတ်တမ်းတင်ထားသည်။

ပါကစ္စတန်အုပ်ချုပ်မှုအောက်ရှိ ကက်ရှ်မီးယားနယ်တွင် နောက်ထပ်ကိုးဦး သေဆုံးခဲ့ပြီး မြောက်ပိုင်း ဂီလ်ဂစ်ဘလ်တီစတန်ဒေသတွင် လူငါးဦးသေဆုံးခဲ့ကြောင်း ယင်းအဖွဲ့အစည်းက သတင်းထုတ်ပြန်သည်။

သေဆုံးသူအများစုသည် ရုတ်တရက်ရေကြီးမှုများနှင့် ပြိုကျနေသောအိမ်များကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon




## လီဗာပူးအသင်းတွင် ဂျိယိုဗန်နီလီယိုနီ ကျောနံပါတ်(၁၅)ဂျာစီကို ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၁၆**

နောက်ခံကစားသမားသစ် ဂျိယိုဗန်နီလီယိုနီ လီဗာပူးအသင်းတွင် ကျောနံပါတ် (၁၅)ဂျာစီ ကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ (ဓါတ်ပုံ)

အသက်(၁၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိ ဈေးကွက်အတွင်းတွင် ပါးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၃၅သန်းဖြင့် ခြောက်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဂျိယိုဗန်နီလီယိုနီသည် ပါးမားအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၇ပွဲကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(NGB)**

## တိုဘီကော်လီယာကို အငှားစာချုပ်ဖြင့် ဝက်စ်ဘရွန်းအသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၆**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား တိုဘီကော်လီယာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း တိုဘီကော်လီယာကို အတွေ့အကြုံသစ်များ ရရှိစေရန်အတွက် ဝက်စ်ဘရွန်းအသင်းသို့ အငှားချခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီမှ စတင်ကာ မန်ချက်စတာယူနိုက်တက်အသင်းကြီးတွင် ပါဝင်ကစားခွင့်



ရရှိပြီး ပြိုင်ပွဲစုံ ၁၃ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဘရွန်းအသင်းက ခေါ်ယူလာခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် တိုဘီကော်လီယာ အနေဖြင့် ဝက်စ်ဘရွန်းအသင်းတွင် အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဖရန်ကီဒီယွန်းအား စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်းစီစဉ်

**ဘာစီလိုနာ ဩဂုတ် ၁၆**

ဘာစီလိုနာအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖရန်ကီဒီယွန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၉ ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ဖရန်ကီဒီယွန်းအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

*ရီးရဲလ်မက်ဒရစ်အသင်းသည် ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* နော်တင်ဟမ်ဖောရက်စ်အသင်းသည် အစ်ဆွစ်ချ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အိုမာရီဟတ်ချင်ဆန်ကို ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

* ရိုးမားအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဆန်ချိုကို စတာလင်ပေါင်သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(NGB)**

## ကယ်လ်ဗတ်လီဝင်ကို သုံးနှစ်စာချုပ်ဖြင့် လိဒ်စ်အသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၁၆**

လိဒ်စ်အသင်းသည် အဲဗာတန်အသင်းတိုက်စစ်မှူးဟောင်း ကယ်လ်ဗတ်လီဝင်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်၊ ရှက်ဖီးလ်ယူနိုက်တက်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လိဒ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၂၈)နှစ်အရွယ်ရှိ ကယ်လ်ဗတ်လီဝင်က "ကျွန်တော် လိဒ်စ်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လိဒ်စ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ဓါတ်ပုံ)** **(NGB)**

## 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev ကို ၆-၃၊ ၄-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**



### ပြင်သစ် လီဂူးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညဂုနာရီ | ဘရက် - လိုင်လီ<br>(W,W,W,W,D) (W,L,L,W,L) | ဘရက် ၂-၀ လိုင်လီ<br>လိုင်လီ ၃-၁ ဘရက် |
| ။ | ည၉း၄၅နာရီ | အန်ဂျာ - ပါရီ<br>(W,D,W,W,W) (W,W,D,D,W) | အန်ဂျာ ၂-၀ ပါရီ<br>ပါရီ ၃-၁ အန်ဂျာ |
| ။ | ။ | အော်ဇေး - လိုရီယန့်<br>(W,W,D,L,L) (W,D,D,W,L) | အော်ဇေး ၁-၃ လိုရီယန့်<br>လိုရီယန့် ၀-၁ အော်ဇေး |
| ။ | ။ | မက်ဇ် - စထရာဘို့<br>(W,L,W,W,L) (W,L,L,W,P) | မက်ဇ် ၀-၁ စထရာဘို့<br>စထရာဘို့ ၂-၁ မက်ဇ် |
| ၁၈-၈-၂၀၂၅ တနင်္လာနေ့ | နံနက်၀၁း၁၅နာရီ | နန့်တက်စ် - PSG<br>(W,L,L,L,L) (W,W,W,W,L) | နန့်တက်စ် ၁-၁ PSG<br>PSG ၁-၁ နန့်တက်စ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပွဲစဉ်-၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၅း၃၀နာရီ | (၁၁)အစ်ဆွစ်ချ် - ဆောက်သမ်တန်(၄)<br>(D) (W) | အစ်ဆွစ်ချ် ၁-၂ ဆောက်သမ်တန်<br>ဆောက်သမ်တန် ၁-၁ အစ်ဆွစ်ချ် |
| ။ | ည၈း၃၀နာရီ | (၁၅)ဟားလ်စီးတီး - အောက်စ်ဖို့ဒ်(၂၂)<br>(D) (L) | ဟားလ်စီးတီး ၂-၁ အောက်စ်ဖို့ဒ်<br>အောက်စ်ဖို့ဒ် ၁-၀ ဟားလ်စီးတီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည၉း၃၀နာရီ | ဆဲလ်တာဗီဂို - ဂီတာဖေး<br>(W,L,W,L,W) (D,D,L,D,L) | ဆဲလ်တာဗီဂို ၁-၀ ဂီတာဖေး<br>ဂီတာဖေး ၁-၂ ဆဲလ်တာဗီဂို |
| ၁၈-၈-၂၀၂၅ တနင်္လာနေ့ | နံနက်၀၀း၀၀နာရီ | ဘီလ်ဘာအို - ဆီဗီလာ<br>(L,L,L,L,L) (D,W,D,D,D) | ဘီလ်ဘာအို ၁-၁ ဆီဗီလာ<br>ဆီဗီလာ ၀-၁ ဘီလ်ဘာအို |
| ။ | နံနက်၀၂း၃၀နာရီ | အက်စ်ပန်ညို - အက်သလက်တီကို<br>(D,W,W,W,D) (L,W,W,L,W) | အက်စ်ပန်ညို ၁-၁ အက်သလက်တီကို<br>အက်သလက်တီကို ၀-၀ အက်စ်ပန်ညို |

### အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၅ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | ချဲလ်ဆီး - ပဲလေ့စ်<br>(W,W,W,W,W) (W,L,W,L,W) | ချဲလ်ဆီး ၁-၁ ပဲလေ့စ်<br>ပဲလေ့စ် ၁-၁ ချဲလ်ဆီး |
| ။ | ။ | နော်တင်ဟမ် - ဘရန့်ဖို့ဒ်<br>(L,D,L,D,D) (L,D,D,W,D) | နော်တင်ဟမ် ၀-၂ ဘရန့်ဖို့ဒ်<br>ဘရန့်ဖို့ဒ် ၀-၂ နော်တင်ဟမ် |
| ။ | ည၁၀း၀၀နာရီ | မန်ယူ - အာဆင်နယ်<br>(D,W,W,D,W) (W,W,L,L,D) | မန်ယူ ၁-၁ အာဆင်နယ်<br>အာဆင်နယ် ၂-၀ မန်ယူ |

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် FDA ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ




**မကွေး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး MSME Agency မှ ကြီးမှူး၍ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ပဲကြော်၊ ပဲလှော်လုပ်ငန်းများနှင့် ခေါက်ဆွဲလုပ်ငန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် FDA ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီ က မကွေးမြို့ စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အေဂျင်စီအဖွဲ့ဝင်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်း ပဲကြော်၊ ပဲလှော်လုပ်ငန်းများနှင့် ခေါက်ဆွဲ၊ မုန့်ဟင်းခါးဖို လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မိုးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးအကြောင်း ရှင်းလင်းပြောကြားကာ မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာစိုင်းမင်းသူထွန်းက "အစားအသောက် ဘေးကင်းရေးနှင့် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်" ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ တက်ရောက်လာသော လုပ်ငန်းရှင်များက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကာ တိုင်းဒေသကြီး MSME အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က နိဂုံးချုပ်စကားပြောကြား၍ လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ဟိုပုံး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ကုန်းကျိုင်းကျေးရွာအုပ်စုနှင့် လုံပေါကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကုန်းကျိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။



ထိုသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်ကျော်သူက ကုန်းကျိုင်းကျေးရွာအုပ်စုနှင့် လုံပေါကျေးရွာရှိ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဟောပြောပြီးနောက် ဒေသခံပြည်သူများက ကိုယ်တိုင်လက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)




# ပြည်ပကို ဆန်နှင့်ဆန်ကွဲတန်ချိန် ၈ သိန်းကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရရှိထား

၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာနှစ် ပထမလေးလတာကာလအတွင်း ပြည်ပကို ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် ၈၄၅၃၇၆ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၉၀ ရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် MRF မှ ထုတ်ပြန်ထားသည်။

ဧပြီလမှာ ဆန်နှင့် ဆန်ကွဲ တန်ချိန် တင်ပို့မှု ၁၄၂၇၈၈ တန်ချိန်ရှိပြီး မေလမှာ ဆန်နှင့် ဆန်ကွဲ တန်ချိန် တင်ပို့မှု ၂၅၉၅၀၁၊ ဇွန်လတွင် ဆန်နှင့် ဆန်ကွဲ ၂၁၂၄၁၆ တန်ချိန်ရှိပြီး ဇူလိုင်လတွင် ဆန်နှင့် ဆန်ကွဲ ၂၃၀၆၇၁ ရှိခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၃၀ ကျော်ကို တင်ပို့ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ပြည်ပကို ဆန်၊ ဆန်ကွဲတင်ပို့မှုအနေဖြင့် ကုမ္ပဏီပေါင်း ၆၀ က ပင်လယ်ရေကြောင်းမှတစ်ဆင့် အဓိကတင်ပို့နေခြင်းဖြစ်ပြီး တရုတ်၊ ဖိလစ်ပိုင်၊ စပိန်၊ မာဒါဂစကား၊ ပိုလန်နိုင်ငံများက တန်ချိန်အများဆုံး ဝယ်ယူနေခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် ပြည်ပကို ဆန်၊ ဆန်ကွဲ တင်ပို့မှုအနေဖြင့် တန်ချိန် သုံးသန်းနီးပါးအထိ တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပကို ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေနှင့် တန်ချိန် ၂ ဒသမ ၅ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၂၉ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် MRF မှ သိရသည်။

ဆန်နှင့်ဆန်ကွဲက ဧည့်မထ၊ ငစိန် အုပ်စုဝင်များဖြစ်သည့် ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်၊ ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11၊ စောရှပ်၊ ၇၄၇၊ သီးပု၊ နံ့ကောက် စသည့် ဆန်ကြမ်းအုပ်စုများကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး အဆိုပါ ပြည်ပပို့ကုန် ဆန်အမျိုးအစားများသည် ပြည်တွင်းဈေးကွက်တွင် ဈေးကျနေကြောင်း သိရသည်။

**(အပေါ်ပုံ) ရွှေမန်း**

# အောင်လံမြို့နယ်တွင် မိုးနှောင်းစပါး စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**အောင်လံ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ မိုးကောင်းကျေးရွာ မိုးသောက်ပန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ဒေါ်နီနီနွယ်၏ မိုးနှောင်း ဝါစိုက်ခင်းတွင် စိုက်ပျိုးထားသော အထွက်တိုးဝါမျိုးဖြစ်သည့် TBL-195 စိုက်ပျိုးထားရှိမှုအား ယမန်နေ့က သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထို့နောက် သမဝါယမဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက ဝါစိုက်ခင်းများအား ပေါင်းရှင်းရန်၊ ဝါစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက်၊ အချိုးကျထည့်သွင်းရန်နှင့် နည်းစနစ် မှန်ကန်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲ၊ အစာ(၃)အုပ်စု၊ အသုပ်စုံပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ပြုလုပ်

**ပုဗ္ဗသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အ·ထ·က(၃)ရွာတော်၌ အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲနှင့် အစာ(၃)အုပ်စု၊ အသုပ်စုံပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အဆိုပါပြိုင်ပွဲတွင် ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်၊ ပုဗ္ဗသီရိမြို့နယ် ခုတင် ၅၀ ဆေးရုံအုပ်ကြီး ဒေါက်တာသိမ့်သိမ့်ထွေး၊ အ·ထ·က(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွမ်ခမ်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆွေဆွေအေး၊ ပုဗ္ဗသီရိမြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ထက်မြက်လွင်တို့သည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အာဟာရရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုဟောပြောပွဲ အစာ(၃)အုပ်စု၊ အသုပ်စုံပြိုင်ပွဲ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ ကဏ္ဍအလိုက် ယှဉ်ပြိုင်မှုများကို ဒိုင်နှင့် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲဆောင်ရွက်ပြီး ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စဥ့်ကိုင် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကသဲစုကျေးရွာ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်း တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က ကသဲစု ကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်နှင့် ကောင်းမွန်သော လူနေမှုစနစ်များ ရရှိစေရန် ကျေးရွာများ၌ ကျေးရွာ စွန့်ပစ်အမှိုက်များအား ကန်များ ဆောင်ရွက်ထားပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ရေး၊ ကျေးရွာ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရေး၊ သစ်တောသစ်ပင်များ ကာကွယ် ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဂေဟစနစ်များ ကောင်းမွန်စေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ကျေးရွာတွင် အိမ်ခြေ ၉၈၊ လူဦးရေ ၄၆၀ နေထိုင်ကြပြီး စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးထားပြီး ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေးလုပ်ငန်း (RBF)စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**



## ကျောက်ဆည်မြို့နယ်တွင် အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၆**

နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်များ အပြည့်အဝကောက်ခံရရှိရေး၊ အခွန်ထမ်းပြည်သူများ အခွန်ကို လိုလားကြည်ဖြူစွာ ထမ်းဆောင်လာစေရေးအတွက် အခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ အခွန်ပညာပေးဆွေးနွေးပွဲတွင် ကျောက်ဆည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြပြီး အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ပိုင်ပိုင်ကျော်**



## တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး တောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ထုတ်ချေးပေးခဲ့သည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က ကျေးရွာ တောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် ယခင်အုပ်စု စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ဆင်ပေါင်ဝဲမြို့၊ အမှတ်(၃)ရပ်ကွက်နှင့် ချောင်းကောက်ကျေးရွာအုပ်စုမှ တောင်သူ ၅၁ ဦး၏ အခြားသီးနှံဧက ၃၂၀၊ စပါး ခုနစ်ဧကအတွက် ချေးငွေကျပ် သိန်း ၃၃၀ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**ခနှံ့ဝင်း(ဆင်ပေါင်ဝဲ)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၆**

ပျော်ဘွယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်း အမှတ်အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်၉ နာရီခွဲက အဆိုပါရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာလဲ့လဲ့အောင်က နိုင်ငံတော်အနေဖြင့် မိခင်နှင့်ကလေးများ ကျန်းမာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ကာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မိခင်နို့ တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် အာဟာရချို့တဲ့မှုမဖြစ်စေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်နှင့်ကလေးများအတွက် အာဟာရပြည့်ဝသော သံဓာတ်အားဆေးနှင့် အစားအစာများ၊ ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



## တံတားဦးမြို့နယ်တွင် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) ပေးအပ်ပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြ

**တံတားဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder) ပေးအပ်ပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက တံတားဦးမြို့၊ မီးသွေးတိုက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၁၈)၊ ဦးပိုင်အမှတ်(၈၃/၂၂၈-က)တောင်သူ ဦးသိန်းဝင်း လယ်မြေသုံးဧက၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်စက်မှုလယ်ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင့်ဇော်က လယ်မြေများ စိုက်ပျိုးရာတွင် လုပ်သားရှားပါးမှု ပြဿနာနှင့် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder ) ကိုင်တွယ်အသုံးပြုနည်းများ၊ စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့် အချက်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းက စိုက်ပျိုးရေးဆိုင်ရာအကြောင်းကို အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာကြသည့် တောင်သူများအား ရွက်ဖျန်းမြေသြဇာနှင့် ပိုးသတ်ဆေး များကို ထောက်ပံ့ပေးအပ်သည်။

လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder )ကို အသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် အလုပ်သမားလိုအပ်ချက်များကို လျှော့ချနိုင်ခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်ကာ အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်းကြောင့် စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း၊ အပင်ပေါက်ကောင်းခြင်းနှင့် ပင်ကြားတန်းကြား ညီညာစွာစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပေါင်းလိုက်ရာတွင် လွယ်ကူစွာ လုပ်ဆောင်နိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးခြင်းတို့ကြောင့် တောင်သူများအားထားရမည့် စက်ကိရိယာတစ်ခုဖြစ်ကြောင်း သိရသည်။

**(၄၀၉)**

*-*-*-*-*



# ပန်းချီခရီးနှင့်ဘဝရေစီး (သို့မဟုတ်) ပန်းချီဆရာစိန်မြင့်(ရွှေချည်ထိုး)

**သွယ်အောင်**

**စာရေး**
**ကဗျာရေး**
**ပန်းချီရေး**
**စိတ်အတွေးလှ၏**
**အိပ်ရေးလည်းဝ၏ ။**

**စိန်မြင့်(ရွှေချည်ထိုး)**


ပန်းချီဆရာကြီး စိန်မြင့်(ရွှေချည်ထိုး)နှင့် ကျွန်တော် လွန်ခဲ့သော နှစ်ပေါင်း(၃၇)နှစ်ကျော်က ပထမဆုံးတွေ့ဆုံခဲ့ဖူးသည်။ လူချင်းတွေ့ဆုံခဲ့ခြင်းမဟုတ်၊ မန္တလေးအရှေ့တောင်မြို့နယ် (စာပေလုပ်သားခေတ်)က ထုတ်ဝေခဲ့သော ကဗျာစာအုပ်ကလေးတစ်အုပ်ပေါ်တွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်ပါသည်။

ထိုကဗျာစာအုပ်ကလေးမှာ 'နှင်းစက်၊ ခွာညို၊ လပြည့်ဝန်း' ကဗျာစာအုပ်ကလေးဖြစ်သည်။ ကဗျာစာအုပ်၏ မျက်နှာဖုံးကို ဆရာစိန်မြင့်(ရွှေချည်ထိုး)က ရေးဆွဲပြီး အတွင်းမှ ကဗျာဆရာများ၏ ပုံတူ (Portrait)များကို မောင်မောင်တင်သိဏ်း၊ နေမျိုးနှင့်ကျွန်တော်တို့က (Sketch) ကောက်ကြောင်းဖြင့် ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

ဆရာ ဦးစိန်မြင့်၏ မျက်နှာဖုံးပန်းချီမှာ ရုပ်သေး၊ ရုပ်ကလေးကို ရေဆေးအကြည်ဖြင့် ရေးဆွဲထားသောပုံဖြစ်သည်။ မြန်မာရနံ့ အပြည့်ပါသော ချစ်စဖွယ်မော်ဒန်ပန်းချီကားဖြစ်သည်။ ထိုကဗျာစာအုပ်အဖုံးမှ ဆရာ့၏လက်ရာပန်းချီကိုကြည့်ပြီး ဆရာနှင့် လူချင်းတွေ့ဆုံရင်းနှီးဖို့ ကြိုးစားခဲ့သော် မတွေ့ဆုံခဲ့ရချေ။




အကြောင်းကြောင်းကြောင့် လူချင်းမတွေ့ဆုံခဲ့ရသော်လည်း ဆရာ့၏ ပန်းချီလက်ရာများနှင့် ထပ်တလဲလဲတွေ့ဆုံကာ ကြည့်ရှုခံစားခဲ့ရ၏။ စာအုပ်မျက်နှာဖုံးပေါ်မှပုံများ၊ စာအုပ်အတွင်းမှ (Sketch)ပုံကြမ်းများ၊ မဂ္ဂဇင်းစာအုပ်မျက်နှာဖုံးပုံများ၊ ပန်းရိုးမပြကွဒိန်ထဲမှပုံများ၊ တည်းခိုခန်း (ဟိုတယ်)များတွင် ချိတ်ဆွဲထားသော ပန်းချီကားများကို မကြာခဏ တွေ့ရှိနေရသည်။



အံ့သြဖို့ကောင်းသည်။ နှစ်ပေါင်း ၃၅ နှစ်ကြာ ၂၀၂၃ မှ ဆရာနှင့် အစည်းအဝေးတစ်ခုတွင် တွေ့ဆုံရတော့သည်။ အစည်းအဝေးမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပပြုလုပ်သော ကျောင်းသားလူငယ်များ ကလေးပန်းချီပြိုင်ပွဲ(ဂျပန်နိုင်ငံ)သို့ ပေးပို့ရေးဆွဲကြရန်အတွက် ခေါ်ယူသော အစည်းဝေးဖြစ်သည်။

ထိုအစည်းအဝေးအပြီးတွင် ဆရာ ဦးစိန်မြင့်က သူ၏ လိပ်စာကတ်လေးအား ကျွန်တော့်ပေးကာ သူ့အိမ်သို့ အလည်လာခဲ့ရန် ဖိတ်ခေါ်သည်။ ကျွန်တော့်မှာ လိပ်စာကတ်ရသော်လည်း နေ့၊ ည မအားလပ် အလုပ်လုပ်ရသည့် သတင်းစာ ဆရာ(အယ်ဒီတာ)ဘဝဖြင့် အလုပ်ရှုပ်နေသောကြောင့် နန်းရှေ့ရှိ ဆရာ့အိမ်သို့ တစ်ခေါက်မှမရောက်ဖြစ်ဘဲ သုံးနှစ်ခန့် ကြာသွားသည်။

၂၀၂၅ ဇူလိုင် ၃ ရက်တွင် ဆရာ ဦးစိန်မြင့်အိမ်သို့ မထင်မှတ်ဘဲ ရောက်ဖြစ်သွားသည်။ (၄-၇-၂၀၂၅)ရက်နေ့သည် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်သောနေ့ဖြစ်သည်။ ယင်းနေ့တွင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတွင် ကျွန်တော်က ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပုံတူ (Sketch)၊ ရုပ်ပြောင် (Caricature) ရေးဆွဲရန် လိုအပ်သော ပုံဆွဲပစ္စည်း ဝယ်ရန်၊ ကျွန်တော်၏ 'ဝါကြန့်ကြန့်ပြက္ခဒိန်စာရွက်ပေါ်ကနေ့များ' ကဗျာစာအုပ်လက်ဆောင်ပေးရင်းဖြင့် ဆရာ့အိမ်သို့ ရောက်ရှိသွားခဲ့ခြင်း ဖြစ်သည်။

ဆရာ့ကို ကျွန်တော့်ကဗျာစာအုပ်လက်ဆောင်ပေးပြီးသောအခါ ဆရာက သူ၏ အသက်(၈၀)ပြည့်မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ထုတ်ဝေသော 'ပန်းချီခရီးနှင့် ဘဝရေစီး'စာအုပ်ကြီး လက်ဆောင်ပြန်ပေးပါသည်။ စာအုပ်ကြီးမှာ ကတ်ထူဖုံးအမာဖြင့် အခန့်ချုပ်ထားသော ပန်းချီကား(ရောင်စုံ)၊ မှတ်တမ်းဓာတ်ပုံများ၊ (Sketch) ပုံကြမ်းများပါသော ဆောင်းပါးပေါင်းချုပ်စာအုပ်ကြီး ဖြစ်လေသည်။

စာအုပ်မှာ (ဒုတိယအုပ်)ဖြစ်ပြီး Chan Myay Art မိသားစုမှ ဂါရဝပြုထုတ်ဝေပေးသည့်စာအုပ်ဖြစ်သည်။ စာအုပ်ပထမအုပ်ကိုတော့ ကျွန်တော် မတွေ့ဖူးသေးပါ။ ယခုစာအုပ်ကို စာအုပ်ဆိုင်များတွင်တင်၍ ရောင်းချခြင်းလည်းမပြုပါ။ စာအုပ်အရင်း အနည်းဆုံး ကျပ်ငါးသောင်းခန့် ကုန်ကျနိုင်မည်ကို ခန့်မှန်း၍ ရသည်။ စာမျက်နှာ ၂၂၇ မျက်နှာရှိပြီး မဂ္ဂဇင်းဆိုဒ်စာအုပ်ကြီးဖြစ်သည်။

စာအုပ်တစ်အုပ်လုံးအပြင်အဆင်၊ ဒီဇိုင်းကို ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။ Book Layout Design မှာ Print City ထုတ်ဝေသည့် စာပေတိုက်မှာ Exit Book (၀၂၇၈၉)သံဈေး၊ ငါးလွှာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်သည်။ ပုံနှိပ်တိုက်မှာ Xenon၊ အမှတ်-၅၅၊ လှသီဂီလမ်း၊ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်မြို့ဖြစ်သည်။

စာအုပ်တွင် စာရေးသူ ပန်းချီစိန်မြင့်(ရွှေချည်ထိုး)၏ 'ကျေးဇူးစကား'နှင့်အတူ ဝင်းမောင်(တမ္ပဝတီ)၏ အမှာစာ၊ ပန်းချီခရီးနှင့်ဘဝရေစီး၊ အနှစ် ၁၀၀ ကျောင်း ၁၀၀၊ ကျွန်တော်နှင့် စိန့်ပီတာကျောင်း၊ ကျွန်တော်နှင့်နန်းတော်ရှေ့၊



ကျွန်တော်နှင့် အာဆီယံချစ်ကြည်ရေးလူငယ်သင်္ဘောခရီးစဉ်၊ အဝေးဆက် အနီးဆက် ကျေးလက်က PCO၊ ရတနာပုံခေတ် စက်မှုနိုင်ငံတော်ကြိုးပမ်းမှု၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားမြက်ထိုးပွဲ၊ မောင်စိန်မြင့်ရဲ့ ပန်းချီ မောင်စိန်မြင့်၊ ငယ်ကအိပ်မက် ဟာဝိုင်ရီခရီးစဉ်၊ ကျွန်တော်နှင့်တရားလွှတ်တော်ရှေ့နေ ဦးမြစိန်၊ ပန်းချီဆရာဗိသုကာ ခင်မောင်ရင်နှင့် သူငယ်ချင်း ပန်းချီဆရာပေါ်သိမ်း၊ ကျွန်တော့်ပြင်စာ၊ မန္တလေးဈေးချိုဝါးတန်းရပ် ကထိန်တော်၊ ကျွန်တော်တို့ငယ်ငယ်က မန္တလေးမုန့်တီ၊ လက်ဖက်ရည်၊ ကျွန်တော်နှင့် မင်းသားကြီး၏ ရန်ကင်းရုပ်ရှင်၊ ကျွန်တော်နှင့် ဆရာဦးအေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)၊ မန္တလေးမြန်မာ့ရိုးရာ ဆရာအေး(ကဗျာ)၊ ဘုန်းတော်နိုင်ငံကျေးရွာ ဆေးပေးခန်းဖွင့်ပွဲမှတစ်ဆင့် စားမြုံ့ပြန်မိခြင်း၊ ကျွန်တော်နှင့် ရတနာ့ဂူဘုရားပွဲနှတ်ပွဲ၊ မန္တလေးခေတ် နှစ် ၁၀၀ ကျေးလက်အလှ၊ ကျွန်တော်နှင့်မြို့မတူရိယာအသင်း၊ ကျွန်တော်နှင့် ဆရာဝင်း၊ ပုဂံပြတိုက် အလုပ်တဲ၊ ဟာဝိုင်ရီအိပ်မက်၊ ကျွန်တော်နှင့် ရွှေချည်ထိုးကား UN ခရီးစဉ်၊ ထန်းလုံးတပ် ကျောက်စာ၊ ပနန်ပန်းခွာအိုးခြမ်းပွဲ၊ ခုနစ်ဆယ်ကျော်ရှစ်ဆယ်ပတ်လည်အရွယ်ရောက်ပြီမို့၊ ကျေးရွာအလှဆင် မြန်မာ့လက်ထိုးရက်ကန်းစင်နှင့် သူတို့အမြင်ကဏ္ဍတွင် ဆရာ ဦးအေးမြင့် မြင်သော ဦးစိန်မြင့်၊ ဝင်းမောင်(တမ္ပဝတီ)၏အမြင်၊ အနုပညာတာဝန်နှစ်ရပ်ကျေသောသူ(ကံချွန်)၊ နတ်ပန်းချီဆရာ(သက်ပိုင်စိုး)၊ English Section ကဏ္ဍတို့ဖြင့် ထွက်ရှိလာသော စာအုပ်ဖြစ်သည်။

**(ဆက်လက်ဖော်ပြပါမည်။)**



## မြို့သစ်မြို့နယ်တွင် "အင်ကြင်းရဂုံ" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ



**မြို့သစ် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန်ရည်ရွယ်၍ "အင်ကြင်းရဂုံ" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်စာအုပ် စာစောင်ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင်ဖြစ်သည့် ဆရာ ဦးတင်မောင်ဝင်းတို့က စာရေးဆရာမ ခင်ဆွေဦး ရေးသားသည့် "အင်ကြင်းရဂုံ" စာအုပ်တွင်ပါရှိသည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ (Grade – 9) ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**

## လှူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ဥတ္တရသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတပြည့်ဝစေရန်၊ စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန်၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရန်နှင့် စာဖတ်ရှုမြင့်မားလာပြီး စာကောင်းပေကောင်းများကို လေ့လာတတ်စေရန်ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ စာရေးဆရာကြီး ကိုရွှေအောင်သင်းမှ "လူငယ်နှင့်အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်း၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းဌေးနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနွန်ခမ်းတို့မှ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဟောပြောပွဲအပြီးတွင် ဥတ္တရခရိုင်နှင့် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတရသ စာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်

**ပင်လုံ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ အခြေခံပညာမူလတန်းကျောင်း(ဝမ်မိုင်)၌ ဩဂုတ် ၁၅ ရက် နံနက် ၉နာရီခွဲက ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိမြတ်မိုးသူက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ဆိုင်ရာ အကြောင်းအရာများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းသိမ်းရေး ဆိုင်ရာ အကြောင်းအရာများကို အကျယ်တဝင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ၊ မီးခိုးမြူငွေ့အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး နံရံကပ်စာစောင်များ၊ ရောင်လေဝေးဝေးမူးယစ်ဆေး အသိပညာပေးနံရံကပ်စာစောင်များပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ **(အောက်ဝဲပုံ)**



အဆိုပါ အသိပညာပေးဟောပြောပွဲဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ကျောင်းသားလူငယ်များအနေဖြင့် ပလတ်စတစ်သုံးစွဲခြင်း၏ ဆိုးကျိုးများ၊ ပလတ်စတစ်သုံးစွဲမှု လျှော့နည်းအောင် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု၏ ကျန်းမာရေးဆိုင်ရာပြဿနာများကို သိရှိစေခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဘေးအန္တရာယ်များ ကျရောက်ပါက ပြုလုပ်ရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိစေသော အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း ကျောင်းသား၊ ကျောင်းသူလေးများထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ စုံလင်

## မြန်မာကဗျာ အလင်္ကာ

* ရပ်ရွာမြို့မ
ကျေးလက်စသည်
နိုင်ငံချီလျက်
ကမ္ဘာဆီအထိ
ကဝိလက်စွမ်း
သတ်ပုံမွမ်းထုံ
ရန့်စုံမွှေး
ကာရန်ရွေးချယ်
အတွေးကြွယ်ကြွယ်
စကားလှယ်လျက်
အလင်္ကာသွား
အနှစ်များစွာ
အကျိုးရာဖွဲ့
ကဗျာပဲ့တင်
ကမ္ဘာ့သဘင်
မြန်မာ့စင်တင်
လောကရင်ခွင်
အလှဆင်။ ။

**ဟာမိုနီ**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။





## ငလျင်ဒဏ်ခံရသော အသင်းဝင်များအား ငွေကြေးထောက်ပံ့

**မန္တလေး ဩဂုတ် ၁၆**

မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ ဦးကျော်မိုး ရှင်မတောင် သနပ်ခါး၊ မခိုင်(ဘုံကျော်)၊ ဝိုင်းပြည့်ပြည့်ကျော် သနပ်ခါး၊ ဦးသန်းနိုင်တို့က ဩဂုတ် ၁၄ ရက်တွင် မန္တလေး၊ စစ်ကိုင်းမြို့မှ အလှူရှင် ရွှေစင်သနပ်ခါး၊ ရွှေပြည်နန်း သနပ်ခါး၊ မြတ်ရှင်မတောင်၊ မြင့် (ရွှေဘိုမင်းသမီး)၊ ဝိုင်းပြည့်ပြည့်ကျော်၊ မင်းခန့်၊ ရွှေဘိုမင်းသမီး၊ မြန့်သာသနပ်ခါးတို့က အသင်းရန်ပုံငွေကျပ်သိန်း ၃၀ ကို ငလျင်ဒဏ်ခံရသောသူများအား ကိုယ်တိုင်သွားရောက်လှူဒါန်းကြသည်။

သနပ်ခါးအသင်းမှ တိုက်ပြိုကျခဲ့သော ဒေါ်သီတာအေး၊ ဒေါ်မြမြ၊ မနီနီအောင်၊ သမီးဖြစ်သူ ဒေါ်ရင်စောဝေ (ကွယ်လွန်)၊ စစ်ကိုင်းမြို့ သစ်စိမ့်ချောင် သီလရှင် ဒေါ်ရင်စောဝေ၊ စစ်ကိုင်းမြို့ သစ်စိမ့်ချောင် သီလရှင် ဒေါ်ပညာပါရမီ၏ ကျောင်းပျက်စီးမှုတို့အတွက် လှူဒါန်းခဲ့ကြသည်။

ထို့နောက် မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်သို့ အလှူငွေကျပ်ထုံးသိန်းနှင့် မန္တလေး၊ အောင်မြေသာစံမြို့နယ် စိန်ပန်းမြိုင်ကျောင်းတိုက်သို့လည်း အလှူငွေကျပ်သုံးသိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၃၄၂)

## မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် လှူဒါန်း

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏စိန်ဖူးတော်အား အသစ်ပြန်လည်တင်လှူမည်ဖြစ်သည်။ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီးရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။ ယခုအခါ ပျက်စီးမှုများအား ရှေးမူမပျက် ပြုပြင်လျက်ရှိသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ ငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၄ရက်က နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်+ဒေါ်စိုးယဉ်မြင့် မိသားစုက ငွေကျပ် ၁၅သိန်းကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးအောင်ကျော်ဦး+ဒေါ်လှသေး မိသားစုက ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ ဦးမြတ်သန်းထွန်း+ဒေါ်မြင့်မြင့်သန်း မိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဟိုပင်မြို့မှ ဦးဟိုပန်းအွမ်+ဒေါ်နန်းရွှေစိန် မိသားစုက ငွေကျပ် ခြောက်သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**



မဟာမုနိဘုရားကြီးကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် 0873020 6100449101 နှင့် UAB ဘဏ် ငွေစာရင်းအမှတ် 01 7130 1000 12259နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 01 7012 1000 00750 နှင့် ဖုန်း-၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉ ၁၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄၅)

## သံဃာ ၃၈၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူ

**ပင်းတယ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်မွေ့ရာရုံကြီး၏ ဆွမ်းလောင်းလှူရန်ဌာနမှ ယနေ့ နံနက် အရုဏ်တက်ချိန်တွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော် ၃၈၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ သံဃာတော်များအား ဆွမ်းနှင့်ဟင်းများ လောင်းလှူနိုင်ရန် မြို့နယ်ဝါတွင်းကာလ အဖိတ်နေ့ သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ ဆဋ္ဌမအကြိမ်မြောက် အလှူတော်ကို ဦးဆောင်ပေးကြသည့် အသင်းဥက္ကဋ္ဌ



ဦးကျော်သူရ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နှင့် အသင်းဝင်များက ဝေယျာဝစ္စဆောင်ရွက်ပေးကြပြီး ဆွမ်းအလှူရှင် ပင်းတယမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းအောင်၊ (ဇနီး) ဒေါ်မာမာစမ်း၊ (သမီး)မထိန်ကြည်သာ မိသားစုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဇာနည်စိုး၊ (ဇနီး)ဒေါ်နန်းခမ်းဝါ မိသားစုတို့က ဆွမ်းဟင်း၊ ငါးကြော်နှပ်ဟင်း၊ သီးစုံချဉ်ဟင်း၊ ဗာလချောင်ကြော်၊ ပန်းမုန်လာကြော်တို့ကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၃၃၈)

## စာရေးဆရာဒေါက်တာနန္ဒာသိန်းဇံ ကွယ်လွန်ခြင်း (၁၄)နှစ်ပြည့် ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၆**

လွန်ခဲ့သော (၁၄)နှစ်က ကွယ်လွန်သွားပြီဖြစ်သော မဟာသဒ္ဓမ္မဇောတိကဓရ ဘွဲ့တံဆိပ်ဆက်ကပ်ခြင်းခံရသည့် ဘဝဒဿန စာရေးဆရာကြီး ဒေါက်တာနန္ဒာသိန်းဇံအားရည်စူး၍ အမှတ်တရဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အမရပူရမြို့ တောင်သမန်အင်းအနီးရှိ အောင်ခြင်းရှစ်ပါး ကျောင်းတိုက်တွင် ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းဝင်းအတွင်းရှိ ဆရာကြီးဒေါက်တာနန္ဒာသိန်းဇံ၏ အမှတ်တရကျောက်တိုင်ရှေ့တွင် ရဟန်းစာဆိုတက္ကသိုလ်တေဇာလင်း၊ ဆရာကြီး၏တပည့်များဖြစ်ကြသော ဒေါက်တာထွန်းရွှေ စာရေးဆရာကျော်သူ(ဥပဒေ-ဒဿန) ဆရာမောင်ဉာဏ်သစ်နှင့် ဆရာကြီးအား ချစ်ခင်လေးစားသူများ၊ စာရေးဆရာ၊ ဆရာမများက ပန်းများဖြင့် ဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် ကျောင်းတိုက်အတွင်း ဘာဝနာဂုဏ်ရည်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ (ရဟန်းစာဆိုတက္ကသိုလ် တေဇာလင်း)ထံမှ သီလဆောက်တည်ပြီး ကွယ်လွန်သွားပြီဖြစ်သော စာရေးဆရာဒေါက်တာနန္ဒာသိန်းဇံအား ရည်စူး၍ နဝကမ္မဝတ္ထုငွေနှင့်တကွ လှူဖွယ်ပစ္စည်းများကပ်လှူကာ ကျောင်းတိုက်ဝင်းအတွင်းရှိ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူခဲ့ကြပြီး ဆရာကြီး ရေးသားခဲ့သော ဘဝဒဿန စာပေများနှင့်ပတ်သက်၍ စာပေဝိုင်းဖွဲ့ကာ တစ်ဦးချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

(၀၃၂)



## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် အောင်မြေသာစံမြို့နယ် ၆၀(A)လမ်း၊ ၁၅လမ်းနှင့်၁၆လမ်းကြားနေ ဒေါက်တာစီစီဝင်းက (၆၄)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ယမန်နေ့ နံနက်ပိုင်းက ၆၂ လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၄၅၈၈၈၄၄၈၁၊ ၀၉-၈၉၂၉၅၃၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## ပြည်သူများအား (၂၆)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၆**

ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၂၆)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ဖွယ်ရာများ လှူဒါန်းပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါထောက်ပံ့ပွဲနှင့်အတူ ပင့်သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်ပြီး တက်ရောက်လာသူများကို ထမင်းကျွေးလှူဒါန်းရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူး ဆွေလွင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ပစ္စည်းများ၊ ရပ်ကွက်နေပြည်သူ အိမ်ထောင်စု ၇၀ စုတို့အား ထောက်ပံ့ငွေကျပ် ၁၀၀၀၀ စီနှင့် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်၊ ဆပ်ပြာကရင်(မ်)တစ်ဘူးနှင့် ရေသန့် တစ်ကတ်တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၁၇)၊ ဦးပိုင်အမှတ်(၁၇၊ ခဲစင်းနောက်ခြမ်း)၊ ၄၁လမ်းမျက်နှာပြု၊ ၈၁လမ်းနှင့်၈၂လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအေးကို(၉/မရတ(နိုင်)၀၃၈၂၀၇)က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇ၀င်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာကွန်ဒို၊ ၇၃လမ်း၊ မင်္ဂလာမန္တလေးကွန်ဒိုနေ ဦးအောင်ကျော်မိုး(ဘ)ဦးအောင်သန်း(၅/မရန(နိုင်)၀၁၅၇၈၇)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်ရှိ နယူးစတားလိုက်ကုမ္ပဏီလီမိတက်ထံမှ ၀ယ်ယူထားသည့် မင်္ဂလာကွန်ဒို၊ တာ၀ါ(B)၊ (၄-လွှာ)၊ အခန်းအမှတ်(၄၀၉)သည် ဦးအောင်ကျော်မိုး၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်သန္တာဇင်(ဘ)ဦးအုန်းမြေ(၉/မရမ(နိုင်) ၀၀၄၁၄၅)အမည်ဖြင့် ၀ယ်ယူပိုင်ဆိုင်ထားသော ကွန်ဒိုဖြစ်ပြီး ခင်ပွန်းဖြစ်သူ ဦးအောင်ကျော်မိုးနှင့် ပူးတွဲပိုင်ဆိုင်သော ကွန်ဒိုဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါ မင်္ဂလာကွန်ဒို၊ တာ၀ါ(B)၊ (၄-လွှာ)၊ အခန်းအမှတ်(၄၀၉)အား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုးမသိရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းမှအစပြု၍ တခြားနည်း တစ်စုံတစ်ရာလွှဲပြောင်းခြင်းနှင့်ပတ်သက်၍ အမည်ပြောင်းခြင်း၊ အခြားအသုံးပြုခွင့် လျှောက်ထားခြင်းများအား သက်ဆိုင်ရာဌာန အသီးသီးတွင် လျှောက်ထားခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်ဆောင်ရွက်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးအောင်ကျော်မိုး**
**(၅/မရန(နိုင်)၀၁၅၇၈၇)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်လှ၀င်းသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၄၄)**
**၆၅လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ရေနီမြောင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၉၄၀၀၀၇၇၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၁)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အ၀န်းရှိ မြေကွက်သည် ဦးညွန့်ဝေအမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း၏ မြောက်ဘက်ပိုင်း)၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၁၅)ပေအကျယ်အ၀န်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအ၀ယ်ကတိစာချုပ်ဖြင့် လက်ရှိ၀ယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးပညာ(ဘ)ဦးမြသောင်း(၉/မနတ(နိုင်)၁၀၀၄၃၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း၀ယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မှူးမှူးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဗ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၀၈၂၀၊ ၀၉–၂၅၉၁၁၈၅၆၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၄)၊ ဦးပိုင်နံပါတ်(၂၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အ၀န်းရှိ မြေကွက်၏ မြောက်ဘက်ခြမ်း(၂၀×၆၀)ပေ၊ ခွဲကျန်ဦးပိုင်နံပါတ်(၂၉-က)ဟု ခေါ်တွင်သော ဦးညွန့်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၀ယ်ယူပိုင်ဆိုင်ခဲ့သူ ဦးကြည်မောင်ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပူးတွဲပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်စန်းညို(၉/မရတ(နိုင်)၀၈၇၀၈၇)၊ ဦးကျင်ဆွေ(၉/မရတ(နိုင်)၀၈၂၂၄၁)၊ ဒေါ်စိန်မြင့်(၉/မရတ(နိုင်)၀၈၇၀၇၂)၊ ဒေါ်စိန်တင့်(၉/မရတ(နိုင်)၀၉၇၇၂၂)၊ ဒေါ်တင်ဇာလင်း(၉/ခမစ(နိုင်)၀၂၉၂၆၀)၊ ဦးမင်းစိုးလှိုင်(၉/ခမစ(နိုင်)၀၆၂၅၂၉)၊ ဒေါ်ချိုချို(၉/မရတ(နိုင်)၁၂၀၀၃၅)နှင့် ဒေါ်ချိုငွေး(၉/မရတ(နိုင်)၁၂၀၈၃၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၀)၊ ဦးပိုင်နံပါတ်(၂၂)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (၆၀×၄၅)ပေ အကျယ်အ၀န်းရှိ ဦးကျော်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၂၅×၄၅)ပေ အကျယ်အ၀န်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်၀ယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခင်မောင်တိုး(ဘ)ဦးသိန်း(၅/ငဇန(နိုင်)၀၀၅၀၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဦးကြည်ယံ LL.M** (အထက်တန်းရှေ့နေ) **ဦးစည်သူအောင် LL.B** (အထက်တန်းရှေ့နေ) **ဒေါ်သဲမိုမိုထွန်း LL.B** (အထက်တန်းရှေ့နေ)

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➢ ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၇၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၀)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အ၀န်းရှိ မြေကွက်သည် ဦးဝင်းမော်အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက်(၃၀)ပေအကျယ်အ၀န်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအ၀ယ်ကတိစာချုပ်ဖြင့် လက်ရှိ၀ယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဇော်ဝင်းငွေ(ဘ)ဦးတင့်ဆွေ(၈/မကန(နိုင်)၁၆၂၁၅၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း၀ယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B) ဒေါ်မှူးမှူးမြတ်သွယ် (LL.B) ဒေါ်ပွင့်ဖြူကျော် (LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဗ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၀၈၂၀၊ ၀၉–၂၅၉၁၁၈၅၆၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၉)၊ ဦးပိုင်နံပါတ်(၂၁)ဟုခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အ၀န်းရှိ ဒေါ်ခင်မာကြည်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အ၀န်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း၀ယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးသန့်(ဘ)ဦးတင်မောင်(၉/မနတ(နိုင်)၀၉၉၉၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဦးကြည်ယံ LL.M** (အထက်တန်းရှေ့နေ) **ဦးစည်သူအောင် LL.B** (အထက်တန်းရှေ့နေ) **ဒေါ်သဲမိုမိုထွန်း LL.B** (အထက်တန်းရှေ့နေ)

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➢ ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၇၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်ရှိ အကွက်အမှတ်(၅၉၈)၊ ဦးပိုင်အမှတ်(၁၅၃/၁၅၄)၊ ဧရိယာ(၀ ဒသမ ၀၃)ဧက အကျယ်အ၀န်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ အရှေ့အနောက်(၄၀)ပေ၊ တောင်မြောက် (၁၅)ပေ အကျယ်အ၀န်းရှိ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်နေထိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းမင်းထွေး(ဘ)ဦးချစ်ချို(၅/စကန(နိုင်)၁၇၇၄၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးချစ်စန်းမောင်(LL.B)၊ ဒေါ်မွန်မွန်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**မဟာဂန္ဓာရုံကျောင်းတိုက်လမ်း၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၅၁၁၁၅၅၆၀၊ ၀၉–၂၅၉၀၈၈၆၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၃၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အ၀န်းရှိ ဦးစိုးသိန်း(ခ)ဦးစိုးသိမ်းနှင့် ဦးနေ၀င်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အ၀န်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်၀ယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးသင်း(ဘ)ဦးမောင်လေး(၅/ကသန (နိုင်)၀၅၄၃၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

❖ မိမိတို့စုစည်းညီညွတ်မှုမရှိသမျှ မည်သည့်စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ်...
❖ မည်သည့်နိုင်ငံရေးစနစ်မျှ ခိုင်ခိုင်မာမာဦးဆောင်နိုင်မည်မဟုတ်...
❖ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြောစိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည်မဟုတ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး၊ လာအိုနိုင်ငံခြားရေးဝန်ကြီးတို့နှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ (၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးသို့တက်ရောက်သည့်ကာလအတွင်း ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်းနှင့် ဩဂုတ် ၁၄ ရက် ညနေပိုင်းတွင်လည်းကောင်း၊ လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်မီဟေးနှင့် ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံမှုများအတွင်း သက်ဆိုင်ရာနိုင်ငံများနှင့်နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။


**လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရက်ဆုတ်ခ်ခွန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လာအိုနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်မီဟေးနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# မန္တလေး နန်းမြို့အတွင်းရှိ နန်းမြင့်မျှော်စင်နှင့် မြနန်းစံကျော် ရွှေနန်းတော်သို့ ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လေ့လာလျက်ရှိ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ နန်းမြို့အတွင်းရှိ နန်းမြင့်မျှော်စင်နှင့် မြနန်းစံကျော် ရွှေနန်းတော်ကို ပုံမှန်အတိုင်း ဖွင့်လှစ်ထားရှိရာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာလျက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှု ကြီးမားစွာမရှိကြောင်းသိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က နန်းမြင့်မျှော်စင်အား ဆေးသုတ်ခြင်း၊ လှေကားထစ်များပြင်ဆင်ခြင်းနှင့် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများဆောင်ရွက်စဉ်က ခေတ္တပိတ်ထားခဲ့ပြီး လုပ်ငန်းပြီးဆုံးချိန်တွင်မျှော်စင်ပေါ်သို့ တက်ရောက်လေ့လာခွင့်ပြုခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦး ကပြောသည်။

နန်းမြင့်မျှော်စင်မှာ အမြင့် ၁၂၂ ပေရှိ၍ ကြောင်လိမ်လှေကားထစ်ပေါင်း ၁၂၀ ခုရှိပြီး သီပေါမင်းလက်ထက်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ရာ မြန်မာ့မူရိုးရာနှင့် ဥရောပဟန်လက်ရာဖြင့် ပေါင်းစပ်တည်ဆောက်ထားကြောင်း၊ မြနန်းစံကျော်ရွှေနန်းတော်သို့ လာရောက်လေ့လာသူများသည် နန်းဆောင်များနှင့် မန္တလေးမြို့ပြ ရှုခင်းများကို မျှော်စင်ပေါ်မှ ကြည့်ရှုခံစားကြသည်။

မြနန်းစံကျော်ရွှေနန်းတော်မှ နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ မြေနန်းပြာသာဒ်ရှိ တိုင်လုံးများတွင် ယွန်းကြိုးထိုးခြင်းလုပ်ငန်း၊ ကြမ်းခင်းခြင်းလုပ်ငန်းနှင့် နန်းဆောင်များဆေးသုတ်မွမ်းမံပြင်ဆင်ခြင်းစသည်တို့ကို ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုမှ ချထားပေးသည့် ဘတ်ဂျက်ဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ မွမ်းမံပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀




# ဂျပန်ဖိတ်ခေါ် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲဝင် မြန်မာ ယူ-၁၂ အသင်း ပွဲစဉ်များ ထွက်ပေါ်

ဂျပန်ဖိတ်ခေါ် U12 Junior Soccer World Challenge 2025 ပြိုင်ပွဲဝင် မြန်မာ ယူ-၁၂ အသင်း ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

မြန်မာယူ-၁၂ အသင်းမှာ အုပ်စု(D) တွင် Vegalta Sendai, Tokyo Verdy Jr, Ekkono Method, Shonan Bellmare အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး လာမည့် ဩဂုတ် ၁၉ရက်မှ စတင်ကစားသွားမည်ဖြစ်သည်။

U12 Junior Soccer World Challenge 2025 ပြိုင်ပွဲတွင် ဥရောပနာမည်ကျော်ကလပ် ဘာစီလိုနာမှ ယူ-၁၂ အသင်းနှင့် ဖိတ်ခေါ်ခံရသော ဥရောပ၊ တောင်အမေရိကအသင်းများ၊ ဂျပန်အခြေစိုက်အသင်းများ အပါအဝင် အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပွဲကစားချိန်မှာ ပွဲစဉ် တစ်ပွဲလျှင် ၃၅ မိနစ်သာ ကစားရမည်ဖြစ်ပြီး အုပ်စုအဆင့်ပွဲစဉ်များအား တစ်ရက်လျှင် နှစ်ပွဲ ကစားရမည် ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စု ရှစ်ခုခွဲထားပြီး တစ်အုပ်စုလျှင် အသင်း ငါးသင်း ပါဝင်မည်ဖြစ်သည်။ အုပ်စုရလဒ်အပေါ်မူတည်၍ ရှုံးထွက်ပွဲများ၊ အဆင့်သတ်မှတ်ချက်ပွဲများ၊ ဆီမီးဖိုင်နယ်၊ ဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကစားရမည် ဖြစ်သည်။

မြန်မာ ယူ-၁၂ လူငယ်များအား ပြိုင်ပွဲကာလပြီးသည်နှင့် ဂျပန်နိုင်ငံ၏ အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ ဂျေလိဂ် ဘောလုံးပြိုင်ပွဲ Yokohama FC Marinos Vs Machida Zervia ပွဲစဉ်ကြည့်ရှုခြင်းတို့အား စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**(NGB)**

0-0-0-0